# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၉) ရက် ၊ သောကြာနေ့ ၊ (5-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၅၀)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးသဘင်ဆောင်၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊


**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**





ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၅ ရက်
အယ်ဒီတာ့အာဘော်

# လွတ်လပ်ရေးအမွေကို အစွန့်ရှည်တည်တံ့အောင်ထာဝစဉ်ထိန်းသိမ်း

မြန်မာနိုင်ငံသည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်တိုင် ကိုယ့်ထီး၊ ကိုယ်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်လာခဲ့သည်။ မြန်မာ့မြေပေါ်တွင် နယ်မြေဒေသအလိုက် ဘာသာစကား၊ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် လူမျိုးနွယ်အမည်အမျိုးမျိုး ကွဲပြားသော်လည်း မြန်မာတိုင်းရင်းသားအားလုံးသည် ရှေးပဝေသဏီကပင် ဝံသာနုရက္ခိတ တရားနှင့်အညီ အေးအတူ၊ ပူအမျှ၊ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ ပေါင်းစည်းနေထိုင်လာခဲ့ကြပေသည်။

သို့သော် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလများ၌ နယ်ချဲ့တို့၏ ကျူးကျော်စစ်သုံးကြိမ်တိုက်ခိုက်ခံရပြီးနောက် ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ်သို့ လုံးလုံးလျားလျားကျရောက်ခဲ့ရသည်။ နယ်ချဲ့ကိုလိုနီများသည် မြန်မာနိုင်ငံကို နည်းလမ်းပေါင်းစုံဖြင့် အမြတ်ထုတ်အသုံးချခဲ့သည်။ တိုင်းရင်းသားအချင်းချင်းကို သွေးခွဲအုပ်ချုပ်ခဲ့ကြသည်။ နယ်ချဲ့တို့ ညှဉ်းပန်းနှိပ်စက်ကုပ်သွေးစုပ်မှုကို မြန်မာတို့အလူးအလဲခံခဲ့ကြရပေသည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူများသည် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့တို့ကို တော်လှန်ခဲ့ကြသည်။ ထို့နောက် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဘီအိုင်အေ၊ ဘီဒီအေ၊ ဘီအင်န်အေ၊ ပီဘီအက်(ဖ်)တပ်မတော်များနှင့်အတူ နယ်ချဲ့နှင့် ဖက်ဆစ်ဂျပန်တို့ကို မြန်မာ့မြေပေါ်မှ အမြစ်ပြတ်ချေမှုန်းတိုက်ထုတ်နိုင်ခဲ့သည်။ ထို့ပြင် မြန်မာ့လွတ်လပ်ရေးအတွက်လည်း နယ်ချဲ့တို့ထံ တောင်းဆိုနိုင်ခဲ့သည်။ ထိုကဲ့သို့ တိုင်းရင်းသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားပြည်သူများ၏ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးအချုပ်အခြာအာဏာကို ရယူနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်သည် ၇၆ နှစ်မြောက်လွတ်လပ်ရေးနေ့ပင် တိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝစဉ်ထိန်းသိမ်းထားနိုင်ရန် ကိုယ်စီတာဝန်ရှိကြသည်။ ထိုတာဝန်ကျေပွန်ရန်အတွက် နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ပေသည်။ လွတ်လပ်ရေး၏တန်ဖိုးကို မလွတ်လပ်သောအချိန်မှသာ သိကြသည်။ ဘိုး၊ ဘွား၊ ဘီ၊ ဘင်များသည် အသက်သွေးချွေးပေါင်းများစွာပေးဆပ်ကာ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ ဘိုး၊ ဘွား၊ ဘီ၊ ဘင်များ ရယူပေးခဲ့သော လွတ်လပ်ရေးအမွေကို ဆက်လက်ထိန်းသိမ်းရေးသည် မျိုးဆက်သစ်များ၏တာဝန်ပင်ဖြစ်ပေသည်။

အတိတ်သမိုင်းကြောင်းအရ နိုင်ငံတော်အတွင်း ပေါင်းစည်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ချစ်ကြည်စည်းလုံးမှုကို တည်ဆောက်နိုင်သည့်ကာလများတွင် နိုင်ငံအင်အားတောင့်တင်းခိုင်မာပြီး သာယာဝပြောခဲ့သော်လည်း အချင်းချင်းစည်းလုံးညီညွတ်မှု လျော့နည်းလာသည့်ကာလများတွင်မူ နိုင်ငံအင်အားဆုတ်ယုတ်ကာ သူ့ကျွန်ဘဝကျရောက်ခဲ့ရသည်။ မြန်မာတစ်မျိုးသားလုံး နယ်ချဲ့နှင့် ဖက်ဆစ်လက်အောက် ကျရောက်ခဲ့သော်လည်း တိုင်းရင်းသားပြည်သူအပေါင်းတို့၏ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်မြင့်မားစွာဖြင့် မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့ကြသည်။ နိုင်ငံတော်ကို ကမ္ဘာ့အလယ်ဝင့်ထည်စွာရပ်တည်နေနိုင်စေသည့် လွတ်လပ်ရေးအမွေသည် နိုင်ငံအတွက် အသက်တမျှ အဖိုးအနဂ္ဃထိုက်တန်လှသဖြင့် အစွန့်ရှည်တည်တံ့အောင် တစ်မျိုးသားလုံး၏ပေါင်းစည်းအားဖြင့် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် တောင်သမန်တံတားနှင့်အင်းသို့ ပြည်တွင်းခရီးသွားဦးရေ ၆၀၀၀ ကျော် လာရောက်လည်ပတ်



**မန္တလေး ဇန်နဝါရီ ၄**

၇၆ နှစ်မြောက် လွတ်လပ်ရေးနေ့(ယနေ့)တွင် တောင်သမန်တံတားနှင့် အင်းသို့ ပြည်တွင်းခရီးသွားဦးရေ ၆၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့ကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တောင်သမန်တံတားနှင့် အင်းမှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် အင်းသို့ ယနေ့ကျရောက်သည့် လွတ်လပ်ရေးနေ့တွင် ပြည်တွင်းခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားကြောင်း သိရသည်။

"လွတ်လပ်ရေးနေ့မှာ ပြည်တွင်းကခရီးသွားတွေ တောင်သမန်တံတားနဲ့ အင်းကို အနားယူအပန်းဖြေရင်း လာရောက်လည်ပတ်မှုက တော်တော်လေးများခဲ့တယ်။ အခုက လွတ်လပ်ရေးနေ့ ရုံးပိတ်ရက်လဲဖြစ်တာကြောင့် ခရီးသွားလာရောက်လည်ပတ်မှု တော်တော်လေးများတယ်။ တချို့ကလဲ ရန်ကုန်၊ ပြင်ဦးလွင် စတဲ့နယ်ဝေးဒေသက ခရီးသွားတွေပါ လာရောက်လည်ပတ်မှု များပြားပါတယ်။ ပြည်ပကခရီးသွားဧည့်သည်တွေလဲ လာရောက်လည်ပတ်မှုတွေရှိပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့် အင်းသို့ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်းက တစ်ရက်လျှင် ဦးရေ ၁၀၀၀ ကျော်သာရှိခဲ့သော်လည်း ယနေ့တွင် လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေ ၆၀၀၀ ကျော်ထိရှိကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ၄က်လှေများဖြင့် ကြည့်ရှုနိုင်ရန် ၄က်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇန်နဝါရီ ၄**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး လျှပ်စစ်သုံးဆိုင်ကယ်(EV) ဘီးများကို ဝယ်ယူမှုများနေကြောင်း မန္တလေးမြို့ ၃၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

လျှပ်စစ်သုံးဆိုင်ကယ် (EV) ဘီးများကို လူငယ်အများစု စိတ်ဝင်စားပြီး တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဝင်ရောက်ကာ တင်သွင်းသည့် ကုမ္ပဏီအမျိုးအစားပေါ်မူတည်၍ အနည်းဆုံးငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန့်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ်သိန်း ၂၀ မှ ၃၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ရှိကြောင်း ဆိုင်ကယ်ရောင်းဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင်လည်း ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ်အနည်းငယ်ရှိနေသေးကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗွစ်၍၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား အရောင်းအဝယ်ရှိနေကြောင်း၊ လျှပ်စစ်သုံးကား(EV)များ အရောင်းအဝယ်အေးပြီး ငွေကျပ်သိန်း ၁၅၀၀ ခန့် ပေါက်ဈေးရှိကြောင်း၊ ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော SKD ကားများ ဈေးနှုန်းပြန်လည်မြင့်တက်လာကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ်သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

# ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ ဒီဇင်ဘာလအတွင်း ကုန်စည်တင်ပို့သည့်ရေယာဉ် ၁၀၂ စီးထိရှိခဲ့

**မန္တလေး ဇန်နဝါရီ ၄**

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ ဒီဇင်ဘာလအတွင်း ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၁၀၂ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရေကြောင်းကျပ်တည်းသည့်နေရာ အနည်းငယ်သာရှိပြီး ရေလမ်းကြောင်းကောင်းမွန်လျက်ရှိကြောင်း၊ ထိုသို့ ရေလမ်းကြောင်းကောင်းမွန်သည့်အတွက် မန္တလေးဆိပ်ကမ်းသို့ ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ ဆား၊ ကျောက်မီးသွေး၊ သစ်ပါးလွှာ စသည့်ကုန်စည်များတင်ပို့သည့်ကုန်တင်ရေယာဉ်များလည်း များပြားခဲ့ကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း အခုက ရေနည်းချိန်ကာလဖြစ်ပေမဲ့ ရေလမ်းကြောင်းက ကောင်းနေတယ်ဆိုပြီး မန္တလေးဆိပ်ကမ်းကို အခြားမြို့တွေကနေ ကုန်စည်အပါအဝင် ခရီးသည်တင်ဆောင်ပြေးဆွဲပေးနေတဲ့ ရေယာဉ်တွေအနေနဲ့ ကုန်တန်ချိန်အများကြီး တင်ဆောင်သွားလာတာမျိုး မလုပ်ကြဖို့လိုပါတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ ဒီဇင်ဘာလအတွင်း တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ကျောက်မီးသွေးတန်ချိန် ၄၁၀၀၊ ဆား ၁၆၂၈ တန်၊ သစ်ပါးလွှာ ၂၀၂ ဒသမ ၀၁၂ တန်၊ ကုန်မျိုးစုံ ၇၇၆ ဒသမ ၇၂ တန် တင်ပို့ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟိုင်းကြီးကျွန်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၄၁၀၄၆ ဧက ရိတ်သိမ်းပြီးစီး

**ငပုတော ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၄၁၀၄၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၄၁၀၄၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလ ပထမပတ်က စတင်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ပြီး ယနေ့တွင် ဧကအားလုံး ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့တစ်မြို့လုံးမှာ မိုးစပါးတွေကို ၂၀၂၃ ခုနှစ် ဇွန်လက စိုက်ပျိုးခဲ့ကြပါတယ်။ မိုးစပါး ၄၁၀၄၆ ဧကထိ လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါးလျာထားဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ပါတယ်။ မိုးစပါးတွေအခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေ စိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းကောင်းစေဖို့ မျိုးကောင်း မျိုးသန့်စပါးတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့တာကြောင့်လဲ အခက်အခဲမရှိ စိုက်ပျိုးနိုင်တာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် မိုးစပါးများ ရာနှုန်းပြည့်စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါရိတ်သိမ်းခဲ့သည့် မိုးစပါး တစ်ဧကလျှင် ၈၂ ဒသမ ၅၇ တင်း ထွက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဌေးအောင်-ဒေါ်သက်သက်မာ(Ruby Land)မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၂၀၀၀၀၀၀ လှူဒါန်းရာ ဓိမံဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုတ်ဦးမြဝင်း၊ ဓိမံဒုတိယဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကို၊ ဓိမံအထွေထွေအတွင်းရေးမှူး သီဟသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့် ဓိမံအတွင်းရေးမှူး သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းတို့က လက်ခံရယူစဉ်။

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း ၂၅၆၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း ၂၅၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းဧက ၆၀၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၆၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဆီမုန်ညင်းနဲ့ ပန်းနှမ်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပြီးပါပြီ။ ဆက်လက်လဲ စိုက်ပျိုးလျက်ရှိပါတယ်။ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပန်းနှမ်းနဲ့ မုန်ညင်းကို နှစ်စဉ် စိုက်ပျိုးပါတယ်။ ပန်းနှမ်းနဲ့ မုန်ညင်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပန်းနှမ်း ၂၀၃၃ ဧက၊ ဆီမုန်ညင်း ၅၃၂ ဧက စုစုပေါင်း ၂၅၆၅ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ဆီမုန်ညင်း ၅၆၃ ဧက၊ ပန်းနှမ်း ၅၅၂၈ ဧက စုစုပေါင်း ၆၀၉၁ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အနည်းငယ်သာစိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကောလင်းခရိုင်တွင် အများဆုံးစိုက်ပျိုးကြကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# အင်္ဂပူမြို့နယ် ငရုပ်ရိုးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**အင်္ဂပူ ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ငရုပ်ရိုးကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ငရုပ်ရိုးကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောက်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင်ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ငရုပ်ရိုးကျေးရွာတွင် အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၀ ပေရှိ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ အင်္ဂပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဩဂုတ်လစတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# တောင်ကြီးမြို့နယ် သိမ်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေမှု စစ်ဆေး

**တောင်ကြီး ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းသော်(အနောက်)ကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၌ လယ်ယာဧက ၂၀၀၀ ကျော်မှ ထွက်ရှိသည့်စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်နေမှုအခြေအနေများကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာ၊ တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့်အင်ဂျင်နီယာဝန်ထမ်းများသည် သိမ်ကုန်းကျေးရွာတွင် အရှည်နှစ်မိုင်လေးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် ၄င်းလမ်းတွင် Pipe Culvert တံတားသုံးစင်း၊ Box Culvert တံတားနှစ်စင်းနှင့် ကွန်ကရစ်တံတားနှစ်စင်း စုစုပေါင်း တံတားခုနစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တောင်ကြီးမြို့နယ် သိမ်ကုန်းကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများကို ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၆ ဒသမ ၀၁၃ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီများက ၂၀၂၃ ခုနှစ် ဇူလိုင်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက ပြောပြ၍ သိရသည်။

**ချိုသန်းညွန့်**



# နိုင်ငံ့သားကောင်းများတိုးပွားရေး စာရိတ္တပညာနှင့် ပြည်သူ့နီတိလေ့ကျင့်ပေး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

- စာသင်ကျောင်းကို ရောက်ရောက်ချင်း
  ကျောင်းသန့်ရှင်းရေး လုပ်ပါတယ်။
- တပည့်တွေဆို မခိုမကတ်
  အလှည့်အကျ သောက်ရေခပ်ပါတယ်။
- ကျောင်းတက်ချိန်မှာ သင်ယူမှတ်သားလို့
  ကျောင်းနားချိန်မှာ ကစားပါတယ်။
- ကျောင်းအားခိုက်မှာ စာကြည့်တိုက်သွားလို့
  မှတ်ရှုဖတ်သား ဆည်းပူးတယ်။
- ကျောင်းဆင်းချိန်မှာ ကျောင်းစိုက်ခင်းကို
  ရေလောင်းပေါင်းသင် မြက်ရှင်းတယ်။
- မိဘဆရာ ရပ်ရွာကိစ္စ
  ပရဟိတလည်း ဆောင်ရွက်တယ်။
- စာသင်ကျောင်းမှ ရပ်ရွာထိ
  ပြည်သူ့နီတိ သိရှိလိုက်နာမယ်။
  တစ်ပြည်လုံးရယ်. . . ညီစို့ကွယ်။ ။

**မောင်ကျေးစူး(ကျောင်းသားလူငယ်နှင့်ပြည်သူ့နီတိ)**

နိုင်ငံအနှံ့အပြားတွင် **"လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ၊ ကျပန်းစကားပြောပြိုင်ပွဲများ"**ကို တက်ကြွစွာကျင်းပနေကြလေရာ မင်္ဂလာရှိလှပေသည်။

လူငယ်အသိပညာပေး ဟောပြောပွဲများတွင် လူငယ်များ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဗလငါးတန် ပြည့်ဝရေး၊ စာရိတ္တကောင်းမွန်ရေး၊ ပြည်သူ့နီတိကျင့်ဝတ်နှင့်စံနှုန်းများကို လေးစားလိုက်နာသည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်ပေါ်ပွားများရေး အကြောင်းခြင်းရာများ ပါရှိကြသည်။

ထိုသို့သောအကြောင်းခြင်းရာများ ပါရှိစေသော အကြောင်းရင်းမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၃၃ပါ ပြဋ္ဌာန်းချက်အရဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ-၃၃တွင် **"နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့်ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက်ဆောင်ရွက်ရမည်"**ဟူသော နိုင်ငံတော်အခြေခံမူကို ပြဋ္ဌာန်းထားရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း ဦးတည်ချက်(၉)ရပ်ချမှတ်ထားရာ လူမှုရေးဦးတည်ချက်ထဲတွင် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားရအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်ရံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဟူသော ဦးတည်ချက်ကိုချမှတ်ပြီး လက်တွေ့ကာယကံမြောက် ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်လျက်ရှိရာတွင် နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် လူငယ်ရေးရာကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားခဲ့ပြီး လူငယ်ရေးရာမူဝါဒကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။

အဆိုပါလူငယ်ရေးရာမူဝါဒနှင့်အညီ လက်တွေ့ဆောင်ရွက်သွားနိုင်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀-၂၀၂၄)ကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ ၁၆ ရပ်ကို ချမှတ်ခဲ့သည်။

ထို ၁၆ ရပ်မှာ (၁)ပညာရေးကဏ္ဍ၊ (၂)ကျန်းမာရေးကဏ္ဍ၊ (၃)မူးယစ်ဆေးဝါးနှင့် အခြားဘေးဖြစ်စေတတ်သည့်အန္တရာယ်ကဏ္ဍ၊ (၄)အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ၊ (၅)အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ၊ (၆)စီးပွားရေးကဏ္ဍ၊ (၇)နိုင်ငံရေးကဏ္ဍ၊ (၈)စာပေအနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍ၊ (၉)သုတေသနကဏ္ဍ၊ (၁၀)သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ (၁၁)ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ၊ (၁၂)သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ (၁၃)ငြိမ်းချမ်းရေးနှင့်ဘဝလုံခြုံရေးကဏ္ဍ၊ (၁၄)ကျား/မ ညီမျှမှုကဏ္ဍ၊ (၁၅)လူ့အခွင့်အရေးကဏ္ဍနှင့် (၁၆)နိုင်ငံတကာဆက်ဆံရေးကဏ္ဍတို့ဖြစ်သည်။

လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကကဏ္ဍ ၁၆ ရပ်အနက် **"ပြည်သူ့နီတိနှင့်နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ"**သည် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အခြေခံအကြောင်းတရားဖြစ်ပါသည်။

ယနေ့ ကျောင်းသား၊ ကျောင်းသူလူငယ်တချို့သည် **"ပြည်သူ့နီတိကျင့်ဝတ်များ"**ကိုမသိကြသကဲ့သို့**"ပြည်သူ့နီတိကျင့်ဝတ်များ"**လည်း လုံးဝမရှိကြတော့ပေ။

ကားပေါ်များနှင့် သွားလမ်းလာလမ်းများတွင် သက်ကြီးရွယ်အိုများကို တိုးဝှေ့ပြီးတိုက်မိပါက "Sorry" တစ်ခွန်းနှင့်ပဲ ဝတ်ကျေတမ်းကျေပြောဆိုသွားခဲ့ကြသည်။ အချို့က မတောင်းပန်ကြသည့်အပြင် မျက်စောင်းခဲပြီး ဒေါကန်သွားကြသေးသည်။ ကားပေါ်များတွင် ကိုယ့်ထက်အသက်ကြီးသူများ၏အပေါ်မှ ကျော်လွှားသွားကြသူများ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်သည်များအပါအဝင် သံဃာတော်များ၊ သီလရှင်များကို နေရာမဖယ်ပေးကြဘဲ ခပ်တည်တည်ဖြင့် ထိုင်နေကြသူများ၊ အိပ်ငိုက်ချင်ယောင်ဆောင်နေကြသူများရှိနေလေရာ အလွန်ပင်ရိုင်းစိုင်းနေကြသည်။

သက်ကြီးရွယ်အိုများကို ရိုသေကြရမှန်းမသိကြသူများကို စင်ကာပူနိုင်ငံမှ ချစ်စရာကောင်းပြီးလူယဉ်ကျေးမှုအပြည့်ရှိသောအလေ့အထများကို မြင်တွေ့ကြစေချင်သည်။ စင်ကာပူနိုင်ငံတွင် ကားပေါ်မှာရော ရထားပေါ်မှာပါ သက်ကြီးရွယ်အိုများကို အမြဲတမ်းဦးစားပေးနေရာပေးကြသည်။ နေရာဖယ်ပေးကြသည်။ အိမ်ရာများတွင်လည်း အိုမင်းမစွမ်းသူများအတွက် ကားရပ်ရန်နေရာ သီးခြားစီစဉ်ပေးထားကြသည်။

အမှတ်တရဖြစ်ပြီး ယိုသူမရှက် မြင်သူရှက်စရာမြင်ကွင်းကို ကျွန်တော်တို့ဇနီးမောင်နှံနှစ်ဦး စင်ကာပူနိုင်ငံ ရထားပေါ်တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလက ကြုံတွေ့ခဲ့ကြရသည်။

ကျွန်တော်ကတော့ အခြားအမျိုးသားများနည်းတူ ဝတ်ဆင်ထားသဖြင့် ရှိပါစေတော့။ ကျွန်တော့်ဇနီးက မြန်မာအမျိုးသမီးဝတ်စုံ ထဘီဝတ်ဆင်ထားသည်။ မြန်မာလူမျိုးမှန်းသိကြသည်။ ရထားပေါ်၌ သက်ကြီးရွယ်အို ကျွန်တော်တို့ဇနီးမောင်နှံကို အခြားလူမျိုးများက နေရာဖယ်ပေးကြသော်လည်း မြန်မာမိန်းကလေးနှစ်ဦးက မသိကျိုးကျွန်ပြုနေကြကာ လုံးဝနေရာဖယ်မပေးကြဘဲ မျက်နှာပြောင်တိုက်ကာ လိုက်ပါလာခဲ့ကြသည်။ ကျွန်တော်တို့ကို နေရာဖယ်မပေး၍ မခံစားရသော်လည်း မြန်မာလူမျိုးများဖြစ်ကြပါလျက် အရှက်မဲ့စွာရိုင်းစိုင်းနေမှုကိုတော့ ယူကျုံးမရခံစားခဲ့ကြရသည်။

သူတို့လို ပြည်သူ့နီတိကျင့်ဝတ်မသိကြဘဲ ရိုင်းစိုင်းနေကြသူများမည်ရွေ့မည်မျှရှိနေကြမည်နည်း။ မတွေးရဲစရာပင် ကောင်းလွန်းလှသည်။

ယနေ့လူငယ်တချို့ **"ပြည်သူ့နီတိကျင့်ဝတ်"**ကို ကြားဖူးမှ ကြားဖူးကြပါလေစ။

လွတ်လပ်ရေးရရှိခဲ့ပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင် ပြည်သူ့နီတိကို ကျောင်းသုံးစာအုပ်များအဖြစ် ပြဋ္ဌာန်းခဲ့သေးသည်။ နောက်ပိုင်းတွင် ဆရာကိုင်လက်စွဲ စာရိတ္တပညာစာအုပ်ဖြင့် ပညာပေးခဲ့ကြသော်လည်း ကျောင်းသားလူငယ်များ ပြည်သူ့နီတိကျင့်ဝတ်ပညာများနှင့် အလှမ်းဝေးကင်းကွာခဲ့ကြသည်။

**ပြည်သူ့နီတိ**

**"နီတိ"**၏ လိုရင်းအဓိပ္ပာယ်မှာ **"လမ်းညွှန်ခြင်း၊ ဆောင်ခြင်း"**ပင်ဖြစ်သည်။ ကောင်းမွန်သည်ကို လမ်းညွှန်ပြီး အကျိုးစီးပွားကို ဆောင်ခြင်းသည် **"နီတိ"** ပင်ဖြစ်သည်။

❖ အသက်အရွယ်ပေါ်မူတည်ပြီး လုပ်အားတန်ဖိုးချစ်မြတ်နိုးအောင်၊ နိုင်ငံနှင့်လူမျိုးကိုချစ်အောင်၊ စုပေါင်းဆောင်ရွက်တတ်အောင်၊ တရားတာနှင့် မတရားတာကို ခွဲခြားတတ်အောင်၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိအောင်၊ အတက်အကျသဘောကိုနားလည်ပြီး အားကျအတုယူချင်အောင်၊ တာဝန်သိစိတ်နှင့် တာဝန်ကျေပွန်အောင်၊ သစ္စာတရားကို ခိုင်မြဲစွာကျင့်သုံးတတ်အောင်၊ စည်းကမ်းရှိအောင်၊ နူးညံ့သိမ်မွေ့အောင်၊ လူမှုရေးတာဝန်ကျေပွန်အောင်၊ သက်ဆိုင်ရာဘာသာရေးကို ရိုသေကိုင်းရှိုင်းလာအောင်၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တတ်အောင် သာဓက၊ ဥပမာများဆောင်ပြီး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်လှသည်။ ❖

**"လောကဿ ဟိတံ နေတိတိ နီတိ"**

**လောကဿ** = လောကကြီး၏(တစ်နည်းအားဖြင့်) လူအများ၊ ပြည်သူအများ၏။
**ဟိတံ** = အကျိုးစီးပွားကို။
**နေတိတိ** = ရွက်ဆောင်တတ်၏။
**ဣတိ-တသ္မာ** = ထို့ကြောင့်
**နီတိ** = နီတိမည်၏ဟု ဖွင့်ဆိုထားသည်။

**"ပြည်သူ့နီတိဆိုသည်မှာ ပြည်သူများလိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်"**ဟူ၍ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ သူ့အဆင့်၊ သူ့အလွှာအလိုက် လိုက်လျောညီထွေ ကိုက်ညီနေသည့် ပြည်သူ့နီတိကျင့်ဝတ်များရှိနေကြသည်။

အနိမ့်ဆုံးအဆင့်ကို ဆိုရပါမူ **"ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား"** ကြရမည်။ ကလေးဘဝကတည်းက **"ရိုသေထိုက်သူကို ရိုသေကြရမည်"**ဟု (၃၈)ဖြာမင်္ဂလာတရားတော်နှင့်အညီ သင်ကြားပေးထားကြရန် လိုအပ်သည်။

အမှန်တကယ်တော့ **"သိင်္ဂါလောဝါဒသုတ်လာ"** မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ လင့်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ အရှင့်ကျင့်ဝတ်၊ ကျွန်ကျင့်ဝတ်၊ ဒါယကာကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်များသည် ပြည်သူ့နီတိကျင့်ဝတ်များပင်ဖြစ်ကြသည်။

မူလတန်း ကျောင်းသား၊ ကျောင်းသူအရွယ်ကတည်းက **"စကားပြောရင် ယဉ်ကျေးသိမ်မွေ့ရမယ်။ ကြမ်းကြမ်းတမ်းတမ်းမပြောရဘူး။ ကိုယ်အမူအရာ၊ နှုတ်အမူအရာ နူးညံ့ချိုသာကြရမယ်။ စားသောက်ရင် ပါးစပ်က တပျတ်ပျတ်မမြည်ရဘူး။ မိဘအရင်မစားသောက်ရဘူး။ အိမ်ပေါ်မှာ ခြေသံပြင်းပြင်းနင်းရင် ဆင်းရဲတတ်တယ်။ မိဘဆရာတွေနဲ့ ကိုယ့်ထက်အသက်ကြီးသူတွေရဲ့ရှေ့က ဖြတ်သွားရင် ကိုယ်ကို ညွှတ်သွားရမယ်။ သံဃာတော်တွေရဲ့အရိပ်ကို မနင်းမိစေရဘူး"**စသည်ဖြင့် နားလည်သဘောပေါက်အောင် ရှေ့ဆောင်လမ်းပြပေးနေကြရန် လိုအပ်သည်။

အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူအရွယ်တွင် ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ချင်းစာနာမှု၊ လူကြီးမိဘဆရာသမားများ၏ ပြောဆိုဆုံးမ၊ လမ်းညွှန်မှုများကို နာခံတတ်မှု၊ စည်းကမ်းရှိမှု၊ တာဝန်ကျေပွန်မှု၊ စကားပြောချိုသာမှု၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာယဉ်ကျေးသိမ်မွေ့မှု၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအစုစုတို့ကို သင်ကြားပို့ချလေ့ကျင့်ပျိုးထောင်ပေးကြစေချင်သည်။

အသက်အရွယ်ပေါ်မူတည်ပြီး လုပ်အားတန်ဖိုးချစ်မြတ်နိုးအောင်၊ နိုင်ငံနှင့် လူမျိုးကို ချစ်အောင်၊ စုပေါင်းဆောင်ရွက်တတ်အောင်၊ တရားတာနှင့် မတရားတာကို ခွဲခြားတတ်အောင်၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိအောင်၊ အတက်အကျသဘောကို နားလည်ပြီး အားကျအတုယူချင်အောင်၊ တာဝန်သိစိတ်နှင့် တာဝန်ကျေပွန်အောင်၊ သစ္စာတရားကို ခိုင်မြဲစွာကျင့်သုံးတတ်အောင်၊ စည်းကမ်းရှိအောင်၊ နူးညံ့သိမ်မွေ့အောင်၊ လူမှုရေးတာဝန်ကျေပွန်အောင်၊ သက်ဆိုင်ရာဘာသာရေးကို ရိုသေကိုင်းရှိုင်းလာအောင်၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တတ်အောင် သာဓက၊ ဥပမာများဆောင်ပြီး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်လှသည်။

သာဓကဆောင်ကြသည့်နေရာတွင် **"ကဗျာ၊ ပုံပြင်၊ စကားပုံ၊ ဆိုရိုးစကားများ၊ ဝတ္ထုများနှင့် ကျောင်းသင် ဘာသာရပ်များထဲကဖြစ်စေ၊ မြင်သာသိသာသည့် လက်တွေ့ဖြစ်ရပ်မှန်များထဲကဖြစ်စေ"** ထုတ်နုတ်ပြီး ကလေးသူငယ်များ၏ နှလုံးသားထဲတွင် စွဲမြဲနေအောင် အခါအခွင့်သင့်သလို လေ့ကျင့်ပေးကြစေချင်သည်။

ထို့ကြောင့် ပြည်သူ့နီတိကျင့်ဝတ်များကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ယခင်က သင်ကြားပေးခဲ့ကြရပါသည်။

ထိုသို့ သင်ကြားပေးခဲ့ကြရာတွင် ပြည်သူ့နီတိကျင့်ဝတ်နှင့်ပတ်သက်၍ **(၁)မူလတန်းပြည်သူ့နီတိသင်ကြားရေး၊ (၂)အလယ်တန်းအဆင့် စာရိတ္တနှင့်ပြည်သူ့နီတိသင်ကြားရေးနှင့် (၃)အထက်တန်းအဆင့်စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သင်ကောင်းရေးများ**ကို ရေးဆွဲပြဋ္ဌာန်းပြီး သင်ကြားခဲ့ကြသည်။

ပြည်သူ့နီတိသင်ကြားခြင်း၏ ယေဘုယျရည်ရွယ်ချက်များမှာ-

၁။ နိုင်ငံချစ်စိတ်၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊
၂။ လူကြီး၊ မိဘ၊ ဆရာသမားများကို ရိုသေလေးစားတတ်စေရန်၊
၃။ ရိုးသား၍ ယဉ်ကျေးစွာပြုမူနေထိုင်ပြောဆိုတတ်စေရန်၊
၄။ ပညာပြည့်ဝပြီး ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊
၅။ ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးတန်ဖိုးထားထိန်းသိမ်းရန်နှင့် ယဉ်ကျေးစွာဆက်ဆံတတ်စေရန်၊
၆။ သန့်ရှင်းကျန်းမာအောင်နေထိုင်တတ်စေရန်၊
၇။ တာဝန်သိ၍ တာဝန်ကို ကျေပွန်စွာထမ်းဆောင်သူများဖြစ်လာစေရန်၊
၈။ စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးလာစေရန်၊
၉။ အများနှင့် စုပေါင်းလုပ်ဆောင်နေထိုင်တတ်စေရန်၊
၁၀။ အများအကျိုးဆောင်ရွက်သည့် စိတ်ဓာတ်ဖွံ့ဖြိုးရင့်သန်စေရန်၊
၁၁။ တရားဥပဒေနှင့် စည်းကမ်းကို ရိုသေထိန်းသိမ်းလိုက်နာတတ်စေရန်၊
၁၂။ ပြည်သူ့ပြည်သားကောင်း၊ နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ဟူ၍ဖြစ်သည်။

**စာရိတ္တနှင့် ပြည်သူ့နီတိ**

**"စာရိတ္တ"**ဆိုသည်မှာ ကိုယ်ကျင့်တရားဖြစ်ပြီး

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ကြော်ငြာ

## လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်

- ပြည်ထောင်အကျိုး ညီညာကြိုး၍
သယ်ပိုးဆောင်မည် သာတူညီမျှ
ချစ်ကြည်လက်တွဲ ခိုင်မာမြဲ၍
မခွဲတူယှဉ် ထာဝစဉ်သာ
ချစ်ကြင်မပျက် တို့ပြည်တွက်။

- ဘယ်သူခွဲခွဲ တို့မကွဲဘဲ
အမြဲစည်းလုံး ကမ္ဘာဆုံးတိုင်
အမုန်းကင်းကာ ချစ်ကြည်စွာဖြင့်
ညီညာတွဲလက် ခိုင်ခိုင်ယှက်၍
ရှေ့ဆက်ပြည်ကျိုး ရွက်သယ်ပိုးမည်။

- သူ့ကျွန်မခံ ဇာတိမာန်ဖြင့်
တွန်းလှန်ဖယ်ရှား ရန်စွယ်အားလည်း
ပြည်သားပြည်သူ ချစ်ကြည်ဖြူစွာ
ညီတူကြိုးကုတ် အမြစ်ဖြုတ်၍
ဆိုးယုတ်နယ်ချဲ့ တိုက်ထုတ်ခဲ့။

- လွတ်လပ်ရေးမှန် အဓိဋ္ဌာန်ကား
မွေ့ခံထိုက်စွာ တို့ပြည်သာဖို့
ညီညာထမ်းရွက် ဆင့်ကမ်းလက်တို့
လေးနက်ခိုင်မာ ချစ်ကြည်စွာဖြင့်
ကမ္ဘာဆုံးတိုင် မယိမ်းယိုင်ဖို့
ခိုင်မာတွဲလက် မြဲစေရန်
လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်။ ။

**မောင်လေပြေ(တောင်တွင်း)**

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၉၈၇ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၉၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၉၈၇ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဇန်နဝါရီ ၃ ရက်က ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ နေကြာ ၁၂၉၈၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ အခု ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာကို ဆောင်းကာလမှာပဲ အဓိကထားစိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ တောင်သူမှ တောင်သူ မျိုးစေ့များဖလှယ်ခြင်း၊ ဆောင်းသီးနှံအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးခြင်း၊ သဘာဝမြေဆွေးပြုလုပ်သုံးစွဲနည်းများ အသိပညာပေးခြင်း၊ ဝန်ထမ်းနှင့်နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြှင့်မားရေးအတွက် ပညာပေးသင်တန်းများဖွင့်လှစ်ခြင်းတို့ကို အချိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

**"ပြည်သူ့နီတိ"**မှာ ပြည်သူများလိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်ဖြစ်သည်။ ထို့ကြောင့် စာရိတ္တနှင့်ပြည်သူ့နီတိသည် တစ်သားတည်းဒွန်တွဲဆက်စပ်နေသည်။ အပြန်အလှန်အကျိုးပြုနေသည်။ ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီ နေထိုင်ကျင့်ကြံကြမှသာလျှင် စာရိတ္တကောင်းမွန်သူ ဖြစ်လာနိုင်သည်။ စာရိတ္တကောင်းမွန်သူဖြစ်မှလည်း နီတိကျွမ်းကျင်သောပြည်သူဖြစ်လာနိုင်သည်။ ထို့ကြောင့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကိုတွဲဖက်ပြီး ရေးဆွဲပြဋ္ဌာန်းပို့ချသင်ကြားနေကြခြင်းဖြစ်သည်။

**စင်ကာပူနိုင်ငံ၏ ပြည်သူ့နီတိနှင့် စာရိတ္တပညာ**

စင်ကာပူနိုင်ငံတွင် ၁၉၆၅ ခုနှစ် လွတ်လပ်ရေးရပြီးကတည်းက စာရိတ္တပညာရေးကို ကျောင်းများတွင် အရေးကြီးဘာသာရပ်အဖြစ် သင်ကြားပေးခဲ့ကြသည်။ ၁၉၅၀ ပြည့်လွန်နှစ်များက မူလတန်းနှင့် မူလတန်းလွန်ကျောင်းများတွင် ကိုယ်ကျင့်တရားများကို ပြဋ္ဌာန်းခဲ့သောကြောင့် မိမိကိုယ်မိမိလေးစားပြီး နိုင်ငံသားကောင်းဖြစ်စေရမည်ဟူသော ရည်ရွယ်ချက်ကို စွဲမြဲသွားစေခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များက မူလတန်းနှင့် အလယ်တန်းများတွင် **"ပြည်သူ့နီတိ"**နှင့် အစားထိုးခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပြည်သူ့နီတိသင်ရိုးကို ပြန်လည်ပြင်ဆင်ရာမှ **"ဘဝနေနည်းပညာရေးလမ်းညွှန်"**အဖြစ် ရောက်သွားခဲ့သည်။ သစ္စာရှိ၊ တာဝန်သိနိုင်ငံသားများ၏ တာဝန်များပါရှိသောကြောင့် အကျိုးရှိခဲ့ကြသည်။

၁၉၇၉ ခုနှစ်တွင် မူလတန်းနှင့် မူလတန်းလွန်ကျောင်းများတွင် **"ပြည်သူ့နီတိနှင့် ဘဝနေနည်းပညာရေး"** တို့ကို **"စာရိတ္တပညာရေး"**နှင့် အစားထိုးခဲ့ရာတွင် (က) လူတစ်ဦးချင်း အကျင့်စာရိတ္တဖွံ့ဖြိုးစေရေး၊ (ခ) လူမှုရေးတာဝန်ကျေပွန်စေရေး၊ ရပ်ရွာအဖွဲ့ဝင်တစ်ဦးပါလားဆိုသော အသိ ကိန်းအောင်းရေး၊ ယဉ်ကျေးမှုအမွေကို လေးစားရေး၊ (ဂ) နိုင်ငံအပေါ်သစ္စာရှိရေး၊ နိုင်ငံချစ်စိတ်၊ နိုင်ငံတည်ဆောက်ရေးစိတ်ဓာတ်ရှိရေးဟူသော ရည်ရွယ်ချက်များထားရှိခဲ့ကြသည်။

၁၉၈၃ ခုနှစ်တွင် ကျောင်းများအတွက် စာရိတ္တပညာသင်ရိုးညွှန်းတမ်းကို ထုတ်ပြန်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် စာရိတ္တပညာသင်ရိုးကို ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်။

ဖော်ပြပါ ပြည်သူ့နီတိနှင့် စာရိတ္တပညာ ပြဋ္ဌာန်းသင်ကြားပို့ချပေးခဲ့ခြင်းကြောင့် လူမျိုးပေါင်းစုံနေထိုင်ကြသော်လည်း စည်းကမ်းရှိ၊ ယဉ်ကျေးမှုပြည့်ဝသော စင်ကာပူနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်မြင့်ဂုဏ်တင့်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ယခင်က မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ဆရာ၊ ဆရာမလမ်းညွှန် **"စာရိတ္တပညာ"**စာအုပ်များပေးအပ်ခဲ့ကာ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစာများနှင့်ညှပ်၍ သင်ကြားပေးခဲ့ကြသည်။ ဆရာကိုင်**"စာရိတ္တပညာ"**စာအုပ်ထဲပါ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှု၊ ကြိုးစားမှု၊ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးမှု၊ ညာတာမှု၊ ဂွဲသတ္တိရှိမှု၊ အကျင့်စာရိတ္တကောင်းမွန်မှုများကို ကလေးသူငယ်များ အားကျအတုယူကြစေရေးအတွက် လိုက်ဖက်သည့် အောက်ဖော်ပြပါကဗျာကိုရွတ်ဆိုပြပြီး ဆွဲဆောင်ပျိုးထောင်ခဲ့ကြသည်-

**"အရဏ်ဦးက ကြယ်နီဖြာ**
**ဗိုလ်ချုပ်အောင်ဆန်းပါ။**
**တို့မြန်မာပြည် အမှောင်တွင်း**
**သူ ဓေါင်းဆောင်လို့ လင်း။**
**စိတ်ရင်းမှန်လို့ သစ္စာတည်**
**ဗိုလ်ချုပ်အာဇာနည်။**
**တို့ပြည်ကောင်းအောင် သူသယ်ပိုး**
**သူ့ဂုဏ်ဘယ်မညှိုး။**
**ရိုးသားဖြောင့်မတ် သူ့မှုရာ**
**ယောင်ယောင်ကတည်းကပါ။**
**မြန်မာပြည်သူ့အချစ်ပန်း**
**ဗိုလ်ချုပ်ဦးအောင်ဆန်း။ ။**

**"စာရိတ္တပညာ"**ဆိုသည့် စာအုပ်ကလေးထဲမှ ထိုကဗျာကိုရုပ်ပုံကားချပ်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်များနှင့်ရှင်းပြခဲ့ကြရာ ကလေးသူငယ်များ အားကျအတုယူလာခဲ့ကြသည်။

ပုံပြင်ထဲက သာဓကများအဖြစ် **"မုဆိုးနှင့်ကြွက်၊ ကျိုင်းလည်ပြတ်"**၊ **"သမင်နှင့်ကျား"**၊ **"ဆင်ဆိုးကြီးနှင့် ဘီလုံးငှက်မလေး"**၊ **"ယုန်နှင့် လိပ် အပြေးပြိုင်ပွဲ"**ပုံပြင်များကို စိတ်ပါဝင်စားလာအောင် ရှင်းပြကြရင်း သင်ခန်းစာရအောင် စွမ်းဆောင်ပေးကြရန်လိုအပ်လှသည်။

လေ့ကျင့်ပျိုးထောင်မှုမှန်ကန်လျှင် မှန်ကန်သည့်အလျောက် ထွန်းတောက်ထူးချွန်သူများပွားများလာပေမည်။ စာရိတ္တကောင်းမွန်ပြီး တာဝန်ကျေပွန်သူများ၊ နိုင်ငံ့သားကောင်းများ ထွန်းကားလာပေမည်။

ထို့ကြောင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်က **"စာရိတ္တမဏ္ဍိုင်"** တည်ဆောက်ရာတွင် မိဘနှင့် မူလတန်းကျောင်းဆရာ၊ ဆရာမများသည် အရေးပါဆုံးဗိသုကာကြီးများဖြစ်ကြသည်ဟု ရေးသားခဲ့ပါသည်။

နေ့ရာသီကျောင်းပိတ်ရက်များတွင် **"ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ"**ဖွင့်လှစ်နိုင်ကြသည့်နေရာဒေသများတွင်သာ လူငယ်များလေ့လာသင်ကြားခွင့်ရနေကြသည်။ လက်ရှိ ကလေးသူငယ်ပမာဏနှင့်နှိုင်းဆကြည့်ပါမူ အလွန်ပင်အားနည်းလှပါပေသည်။

ကျွန်တော်တို့နိုင်ငံသည် အခြားသောနိုင်ငံများထက် မှခင်းနည်းပါးသည့်နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်တွင် ၁၈ စက္ကန့်တိုင်း၌ အကြမ်းဖက်မှုတစ်ခုဖြစ်ပွားသည့်နိုင်ငံရှိသကဲ့သို့ လူသတ်မှုအများဆုံးနိုင်ငံ၊ အဓမ္မကျင့်မှုအများဆုံးနိုင်ငံများလည်း ရှိနေကြသည်။

ထိုနိုင်ငံများထက် ကျွန်တော်တို့နိုင်ငံက ရာဇဝတ်ဖြစ်မှုများနည်းပါးရခြင်းမှာ **"ဓမ္မနီတိ"**၊ **"လောကနီတိ"**၊ **"ရာဇနီတိ"**ဟူသော နီတိကျင့်ဝတ်များ၏ ဆုံးမပဲ့ပြင်မှုနှင့် **"ဓမ္မသတ်"**၊ **"ရာဇသတ်"**များ၏ ထိန်းချုပ်မှုအောက်တွင် နှစ်ပေါင်းထောင်ချီပြီး ရင့်ကျက်သိမ်မွေ့ယဉ်ကျေးသည့် ရိုးရာဓလေ့များကြောင့်ပင်တည်း။

ဤအစဉ်အလာကောင်းကို ဆက်လက်ထိန်းကျောင်းသင့်သည်။ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"**ဟု ဆိုခဲ့ကြသည့်နှယ် **"ယဉ်ကျေးမှုနှင့် စာရိတ္တဖွံ့ဖြိုးမှုအစ ပြည်သူ့နီတိက"**ဟု ဆိုချင်ပါသည်။

ပြည်သူ့နီတိကျင့်ဝတ်များနှင့်အညီသာ သွားလာ၊ ပြုမူ၊ ပြောဆိုနေထိုင်နိုင်ကြပါလျှင် လူ့လောကကြီးသည်အနိဋ္ဌာရုံများကင်းဝေးပြီး အေးချမ်းသာယာသည့် ဣဋ္ဌာရုံများနှင့်ပြည့်စုံကာ လူသားတိုင်း၊ နေပျော်သောဘဝကို ရရှိခံစားနိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲ၊ အသေအချာပဲဟု ဟစ်ကြွေးလိုက်ချင်ပါတော့သည်။

**ကိုးကား**


- **ဆရာကိုင်လက်စွဲ စာရိတ္တပညာ**
- **မောင်ကျေးရှူး၏ ပြည်သူ့နီတိစာကဗျာ**
- **ဆရာတင်မိုး(နီတိအတွေး)၏ ပြည်သူ့နီတိနှင့် လက်တွေ့ဘဝ**

## နိုင်ငံတကာ သတင်းများ

# တရုတ်နိုင်ငံအဝင်အထွက် နိုင်ငံတကာလေကြောင်းခရီးစဉ်များ ရက်သတ္တပတ်လျှင် ၆၀၀၀ ထိမြင့်တက်လာနိုင်




**ပေကျင်း ဇန်နဝါရီ ၄**

တရုတ်နိုင်ငံ အဝင်အထွက် ပျံသန်းနေသည့် နိုင်ငံတကာ လေကြောင်းခရီးစဉ်များ အရေအတွက်သည် ယခုနှစ်ကုန်တွင် ရက်သတ္တပတ်လျှင် ခရီးစဉ်ပေါင်း ၆၀၀၀ ထိရှိလာနိုင်ကြောင်း တရုတ်အရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်တာဝန်ရှိသူများခန့်မှန်းထားသည့် အဆိုပါလေကြောင်းခရီးစဉ်အရေအတွက်မှာ ကိုဗစ်-၁၉ ကပ်ဘေးမတိုင်မီကာလ လေကြောင်းခရီးစဉ်အရေအတွက် စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်နှင့်ညီမျှသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံအဝင်အထွက် ပျံသန်းနေသည့် နိုင်ငံတကာ လေကြောင်းခရီးစဉ်အရေအတွက်မှာ ရက်သတ္တပတ်လျှင် ၄၆၀၀ ထိရှိပြီး နှစ်ကုန်ပိုင်းအရောက်တွင် ၆၀၀၀ ထိမြင့်တက်လာနိုင်ကြောင်း တရုတ်တာဝန်ရှိသူများက ခန့်မှန်းထားသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ခရီးသည်သန်း ၆၉၀ တို့၏ လေကြောင်းခရီးစဉ်များကို ကိုင်တွယ်ပေးရနိုင်ကြောင်း တရုတ်တာဝန်ရှိသူများကပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ဘေးကန့်သတ်ချက်များ ပယ်ဖျက်ထားပြီးဖြစ်သော်လည်း ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။

တရုတ်တာဝန်ရှိသူများ၏အဆိုအရ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ပြည်တွင်းပြည်ပခရီးသည်သန်း ၆၂၀ တို့၏ ခရီးစဉ်များကို ကိုင်တွယ်ခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်

**မော်စကို ဇန်နဝါရီ ၄**

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် ဇန်နဝါရီ ၃ ရက်တွင် အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုတစ်ရပ် ပြုလုပ်နိုင်ခဲ့ပြီး နှစ်ဖက်စလုံးကအကျဉ်းသား ဦးရေ ၂၀၀ ကျော်စီကို ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသားချင်း အပြန်အလှန်လဲလှယ်မှုကို အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

အကျဉ်းသားချင်းအပြန်အလှန်လဲလှယ်မှုအစီအစဉ်အရ ယူကရိန်းတွင်ဖမ်းဆီးခံထားရသည့် ရုရှားတပ်ဖွဲ့ဝင် ၂၄၈ ဦးပြန်လည်လွတ်မြောက်လာကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့နည်းတူ ရုရှားနိုင်ငံ၌ဖမ်းဆီးခံထားရသည့် ယူကရိန်းတပ်ဖွဲ့ဝင် ၂၂၄ ဦးနှင့် အရပ်သားခြောက်ဦးလည်း ပြန်လည်လွတ်မြောက်လာကြောင်း ယူကရိန်းတာဝန်ရှိသူများက အတည်ပြုထားသည်။

ရုရှားနှင့် ယူကရိန်းတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခစတင်ချိန် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း အကျဉ်းသားချင်းလဲလှယ်မှုအများအပြားပြုလုပ်နိုင်ခဲ့သည်။

ရုရှားနှင့် ယူကရိန်းတို့သည် ၎င်းတို့၏ နောက်ဆုံးတစ်ကြိမ် အကျဉ်းသားချင်း လဲလှယ်မှုကို ၂၀၂၃ ခုနှစ် ဩဂုတ်လတွင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# တိုကျိုမြို့ ရထားတစ်စီးပေါ်၌ အမျိုးသမီးတစ်ဦး ဓားထိုးတိုက်ခိုက်မှုကြောင့် အမျိုးသားသုံးဦးဒဏ်ရာရရှိ

**တိုကျို ဇန်နဝါရီ ၄**

ဂျပန်နိုင်ငံ တိုကျိုမြို့ အကီဟာဘာရဘူတာရုံ၌ ဇန်နဝါရီ ၃ ရက်က ဓားထိုးတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အမျိုးသားသုံးဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

အကီဟာဘာရဘူတာရုံ ရထားတွဲတစ်တွဲပေါ်၌ ပေါ်ပေါက်ခဲ့သည့် အဆိုပါ ဓားထိုးတိုက်ခိုက်မှုကို ကျူးလွန်ခဲ့သူမှာ အမျိုးသမီးတစ်ဦးဖြစ်သည်ဟု ဂျပန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် တိုက်ခိုက်မှုကျူးလွန်သူအမျိုးသမီးကို ဖမ်းဆီးထိန်းသိမ်းထားပြီး ဒဏ်ရာရသူသုံးဦးတို့၏အခြေအနေကို မသိရသေးကြောင်း ဂျပန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။




သို့သော် ဂျပန်မီဒီယာများ၏အဆိုအရ ဒဏ်ရာရသူအမျိုးသားသုံးဦးစလုံး အသက်အန္တရာယ်မရှိကြောင်း သိရသည်။

ဓားထိုးတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် အကီဟာဘာရဘူတာ၏ ယာမာနိုတီရထားလမ်းကြောင်းကို ခေတ္တမျှပိတ်ထားခဲ့ကြောင်း အရှေ့ဂျပန်ရထားကုမ္ပဏီက ပြောကြားခဲ့သည်။

အကီဟာဘာရ ဘူတာရှိရာနေရာသည် အစဉ်အလာအားဖြင့် အီလက်ထရွန်နစ် လက်ကားဆိုင်များတည်ရှိရာ နေရာလည်းဖြစ်ပြီး ကမ္ဘာ့လှည့် ခရီးသည်များလည်း အသွားအလာများသောနေရာဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အီရန်နိုင်ငံ၌ ပေါက်ကွဲမှုများဖြစ်ပွား အနည်းဆုံး ၉၅ ဦးသေဆုံး၍ ၂၀၀ ကျော်ဒဏ်ရာရရှိ

**တီဟီရန် ဇန်နဝါရီ ၄**

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း ကာမင်းမြို့၌ ဇန်နဝါရီ ၃ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၀၀ နီးပါး သေဆုံးခဲ့ရကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်အထူးတပ်ဖွဲ့ တပ်မှူးကတ်ဆမ်ဆိုလိုင်မာနီ သေဆုံးမှု လေးနှစ်ပြည့် အခမ်းအနားတွင် အဆိုပါပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တစ်ခုနှင့်တစ်ခု မိနစ် ၂၀ ခြား၍ ဖြစ်ပွားခဲ့သည့် အဆိုပါပေါက်ကွဲမှုနှစ်ရပ်ကြောင့် လူ ၉၅ ဦးသေဆုံး၍ ၂၁၁ ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ကာမင်းမြို့ ပေါက်ကွဲမှုများကို အကြမ်းဖက်သမားများ၏ လုပ်ရပ်အဖြစ် အီရန်နိုင်ငံကရှုတ်ချခဲ့ပြီး ရုရှားနှင့်တူကီယဲအပါအဝင် ကမ္ဘာ့နိုင်ငံများကလည်း ရှုတ်ချခဲ့ကြသည်။

လက်ရှိအချိန်တွင် ကာမင်းမြို့ ပေါက်ကွဲမှုများအတွက် တာဝန်ရှိကြောင်း မည်သည့်အဖွဲ့အစည်းကမျှ ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

သို့သော် ကာမင်းမြို့ပေါက်ကွဲမှုများ၌ အစ္စလာမ်မစ်အကြမ်းဖက်အုပ်စု(အိုင်အက်စ်)၏ လုပ်နည်း၊ လုပ်ဟန်များ တွေ့နေရကြောင်း အမေရိကန် တာဝန်ရှိသူများက သုံးသပ်ထားသည်။

အီရန်တပ်မှူးဆိုလိုင်မာနီသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်အနီး၌ ၂၀၂၀ ပြည့်နှစ်အတွင်း အမေရိကန်နိုင်ငံကပြုလုပ်ခဲ့သည့် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ရွေးကောက်ပွဲများမကျင်းပမီ ပြည်တွင်းလုံခြုံရေးအတွက် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ဘင်္ဂလားဒေ့ရှ်၌စတင်ဖြန့်ကြက်

**ဒါကာ ဇန်နဝါရီ ၄**

အမျိုးသားရွေးကောက်ပွဲများ မကျင်းပမီ ရက်ပိုင်းအလိုတွင် ပေါ်ပေါက်လာနိုင်သည့် အကြမ်းဖက်မှုများကို တားဆီးရေးအတွက် ဘင်္ဂလားဒေ့ရှ်အစိုးရက လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို နိုင်ငံတစ်ဝန်း စတင်ဖြန့်ကြက်ထားကြောင်း ဇန်နဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့ဝင်များသည် ဒါကာမြို့တွင်း၌ ယာယီစခန်းများဖြင့် နေရာယူ၍ လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုထိန်းသိမ်းရာတွင် အရပ်ဘက်အာဏာပိုင်များကို အကူအညီပေးမည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အမျိုးသားရွေးကောက်ပွဲကို ဇန်နဝါရီ ၇ ရက်တွင်ကျင်းပရန် စီစဉ်ထားသော်လည်း အဓိကအတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ်အမျိုးသားရေးပါတီ(ဘီအင်န်ပီ)က ယင်းရွေးကောက်ပွဲကို သပိတ်မှောက်ထားသည်။

ရွေးကောက်ပွဲ ကျင်းပရေးအတွက် ဝန်ကြီးချုပ်ရှိတ်ခ်ဟာဆီနား ဦးဆောင်သည့်လက်ရှိအစိုးရ နုတ်ထွက်ပေး၍ ကြားနေအာဏာပိုင်အဖွဲ့တစ်ဖွဲ့ကို အာဏာလွှဲပေးရန် ဘီအင်န်ပီပါတီက တောင်းဆိုထားသည်။

သို့သော် ဘီအင်န်ပီပါတီ၏ တောင်းဆိုချက်ကို ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ခ်ဟာဆီနားက ငြင်းပယ်ခဲ့ရာ ရွေးကောက်ပွဲမတိုင်မီကာလအတွင်း အကြမ်းဖက်မှုများ ပေါ်ထွက်လာမည့်အရေး စိုးရိမ်ရသည်။

ဘင်္ဂလားဒေ့ရှ် အစိုးရသည် ရွေးကောက်ပွဲမကျင်းပမီ ကမ်းရိုးတန်းနယ်မြေများ၌ရေတပ်ဖြန့်ကြက်ပေးထားပြီး တောင်ကုန်းတောင်တန်းထူထပ်သည့် နယ်မြေများအတွက် လေတပ်ရဟတ်ယာဉ်များကို တာဝန်ပေးထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ၂၀၂၄ ခုနှစ်၏ ပထမဆုံးတာဝန်အနေဖြင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို လွှတ်တင်ခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၄**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် ၂၀၂၄ ခုနှစ်၏ ပထမဆုံးတာဝန်အနေဖြင့် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများကို ဇန်နဝါရီ ၂ ရက်က လွှတ်တင်ခဲ့ကြောင်း ဇန်နဝါရီ ၃ ရက် သတင်းများအရ သိရသည်။

အဆိုပါ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ် ၂၁ စင်းကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ဒုံးယာဉ်သည် မြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် လွှတ်တင်ပြီး ၆၂ ဒသမ ၅ မိနစ် ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ပိုင်း အဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့်ဂြိုဟ်တုများကို ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဇန်နဝါရီ ၂ ရက်တွင် လွှတ်တင်ခဲ့သည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုများထဲတွင် မိုဘိုင်းလ်ဖုန်းများနှင့်အင်တာနက် တိုက်ရိုက်ချိတ်ဆက်ပေးနိုင်သည့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများ ပါဝင်သည်။

Space-X ကုမ္ပဏီသည် ၂၀၂၃ ခုနှစ်တွင် အာကာသမစ်ရှင်ပေါင်း ၉၆ ခုထိ စံချိန်တင်လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နေအဖွဲ့အစည်းပြင်ပဂြိုဟ်များပေါ်တွင် သက်ရှိများ ရှိ၊ မရှိ ပြသနိုင်မည့် အခြေအနေသစ်တစ်မျိုးကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဇန်နဝါရီ ၄**

နေအဖွဲ့အစည်းပြင်ပဂြိုဟ်များပေါ်တွင် သက်ရှိများ ရှိ၊ မရှိ ပြသနိုင်မည့် အခြေအနေသစ်တစ်မျိုးကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၃ ရက် သတင်းများအရ သိရသည်။

နေအဖွဲ့အစည်းပြင်ပဂြိုဟ်များ၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုစည်းမှုအဆင့်နည်းပါးခြင်းသည် အဆိုပါဂြိုဟ်များပေါ်တွင် သက်ရှိများရှိနေနိုင်သည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဗြိတိန်နှင့်အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များပေါ်၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ တည်ရှိမှုအဆင့်နည်းပါးမှုသည် အဆိုပါဓာတ်ငွေ့များကို ဂြိုဟ်များပေါ်ရှိ သမုဒ္ဒရာများနှင့် အပင်များက စုပ်ယူထားမှုကြောင့် ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။



အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်ဖြင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ စုစည်းမှုနည်းပါးသောဂြိုဟ်များကို ရှာဖွေပေးနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက မျှော်လင့်ထားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် လက်ရှိအချိန်ထိ နေအဖွဲ့အစည်းပြင်ပဂြိုဟ်သစ် ၅၂၀၀ ကျော်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များသည် ရှေးယခင်က နေအဖွဲ့အစည်းပြင်ပဂြိုဟ်များပေါ်၌ သက်ရှိများ ရှိ၊ မရှိ စူးစမ်းရာတွင် အဆိုပါဂြိုဟ်ပေါ်၌ ရေဓာတ် ရှိမရှိ အဓိကထားလေ့လာလေ့ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာ၏ အင်ဂျီနျူတီရဟတ်ယာဉ်က အင်္ဂါဂြိုဟ်လေထုလွှာအတွင်း (၆၉) ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုတွင် စံချိန်တင်နိုင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ အင်ဂျီနျူတီရဟတ်ယာဉ်သည်အင်္ဂါဂြိုဟ်လေထုလွှာအတွင်း (၆၉)ကြိမ်မြောက် ကင်းထောက်ပျံသန်းမှုတွင် အကွာအဝေးအရရော အမြန်နှုန်းအရပါ စံချိန်တင်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၃ ရက် သတင်းများအရ သိရသည်။

The dinner was attended by the Senior General and wife, the Vice-Senior General and wife, the SAC Secretary and wife, the SAC Joint Secretary and wife, council members and their wives, union level officials and their wives, advisors to the Chairman of the State Administration Council, members of the Central Advisory Board of the SAC, union ministers and their wives, members of union level organizations, the chairman of the Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief of Defence Services, deputy ministers, ambassadors and charges d'affaires of foreign embassies, honorary consuls, winners of honorary awards commemorating the 76th Anniversary Independence Day, heads of departments, chairmen and representatives from political parties, members of national races, artistes, members of NGOs and invited guests. 100

# State flag-hoisting and saluting ceremony of 76th Anniversary of Independence Day held




Vice-Senior General Soe Win reads Independence Day message sent by SAC Chairman Prime Minister Senior General Min Aung Hlaing.

**Nay Pyi Taw January 4**

The State flag-hoisting and saluting ceremony of the 76th Anniversary of Independence Day took place at the square in front of the City Hall in Nay Pyi Taw this morning.

The ceremony was organized in accordance with the essence of the national objectives for the 76th Anniversary Independence Day: (1) to uphold "Our Three Main National Causes" — non-disintegration of the Union, non-disintegration of national solidarity and perpetuation of sovereignty, which are national interests and national politics; (2) to ensure promotion of a comprehensive education sector that produces human resources complete with knowledge, skill, inherent abilities and capabilities in building a Union based on democracy and federalism; (3) to make efforts for holding a free and fair election in accordance with the law and ensure universal suffrage without any gaps across the country ; (4) to ensure cooperation of the entire people to restore peace and stability by ending acts of terrorism and strengthen the multiparty democratic system; and (5) to promote MSME businesses based on agriculture and livestock.

First, the State flag-hoisting and saluting ceremony of the 76th Anniversary of Independence Day was held at 4.20 am and the flag-hoisting platoon, accompanied by national races, raised the State flag.

Then, at 6 am, union-level dignitaries, union ministers, the Union Accountant General, the Chairman of Union Civil Service Board, the Chairman of the Nay Pyi Taw Council, the Governor of the Central Bank of Myanmar, the Chairman of Anti-Corruption Commission, the Chairman of the Myanmar National Human Rights Commission, senior military officers, justices of the Supreme Court of the Union, members of the Constitutional Tribunal of Myanmar, members of the Union Election Commission, the Commander of the Nay Pyi Taw Command, deputy ministers, members of Union Civil Service Board, the Vice Governor of the CBM, members of the Nay Pyi Taw Council, the Vice-Mayor of the Nay Pyi Taw Development Committee, members of Anti-Corruption Commission, departmental heads and personnel, national races and people took positions at the square in front of the city hall, the venue of the ceremony.

Next, the ceremony to mark the 76th Anniversary of Independence Day 2024 was held at 7 am and the Guard of Honour of Tatmadaw (Army, Navy and Air) marched to the square and took positions.

Afterwards, Chairman of the Central Committee for Organizing the 76th Anniversary of Independence Day Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win arrived at the saluting platform of the ceremony and took the salute of the Guard of Honour.

Then, the Vice-Senior General and attendees to the ceremony saluted the State Flag together with the Guard of Honour.

Afterwards, the Guard of Honour saluted the fallen leaders and soldiers and took the four-point oath.

Then, the Vice-Senior General read out the message sent by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing to the 76th Anniversary Independence Day Ceremony.

Afterwards, the Vice-Senior General took the salute of the Guard of Honour and then the ceremony concluded. 100



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(အငြိမ်းစား) ဦးထင်အောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဒုတိယဝန်ကြီး ဦးစင်လတ်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ(အငြိမ်းစား) ဦးနေအေးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(အငြိမ်းစား) ဒေါ်လှဲ့လှဲ့သိန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး (အငြိမ်းစား) ဦးဝင်းလှိုင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နိုင်ငံခြားရေးဝန်ကြီးဌာန သံအမတ်ကြီး (အငြိမ်းစား)ဦးစင်မောင်အေးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်အောင်ကျော်ဟိုးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်မှူးကြီးတင့်လွင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

စာမျက်နှာ ၁၇ မှအဆက်

**စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သူ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များကို ယခုကဲ့သို့ ထူးခြားလေးနက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်**ပါကြောင်း။

ယနေ့အခမ်းအနားတွင် သရေစည်သူဘွဲ့ ကိုးဦး၊ စည်သူဘွဲ့ ငါးဦး၊ သူရဘွဲ့ ခြောက်ဦး၊ သီရိပျံချီဘွဲ့ ၄၂ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၈၃ ဦး၊ အလင်္ကာကျော်စွာဘွဲ့ လေးဦး၊ သိပ္ပကျော်စွာဘွဲ့ လေးဦး စုစုပေါင်း ၁၅၃ ဦးကို သက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် **ဘွဲ့ခံပုဂ္ဂိုလ်များအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့ ဘွဲ့ခံပုဂ္ဂိုလ်များအတွက်သာမက သက်ဆိုင်ရာမိသားစုဝင်များအတွက်လည်း သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားရော** စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ဘောလုံးအားကစားသမား ဗိုလ်ကြီးတင်အောင်(အငြိမ်းစား)အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့် အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ဘောလုံးအားကစားသမား ဦးအေးမောင်ကြီးအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသူ ကချင်ရေးရာဝန်ကြီး(အငြိမ်းစား) ဒူဝါဇော်ရှစ်(ကိုယ်စား) (ဇနီး)ဦးဆိုင်းနော်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ပြေးခုန်ပစ်အားကစားသမား ဒေါ်သန်းသန်းအား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ကျွမ်းဘားအားကစားသမား ဦးမြင့်အောင်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးညိုမြ (ကိုယ်စား)(ဇနီး) ဒေါ်သိန်းသိန်းဇော်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်အား ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

သရေစည်သူဘွဲ့ရရှိသူ လေးဦးနှင့် စည်သူဘွဲ့ရရှိသူ သုံးဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ ခြောက်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ ၁၆ ဦးနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၅၈ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ သုံးဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ လေးဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်း...

**စာမျက်နှာ ၁၈ မှအဆက်**

**အထိမ်းအမှတ် သင်္ကေတများ အဖြစ်ဖြင့် ဆက်လက်တည်ရှိနေကြမည်ဖြစ်**ပါကြောင်း။

လွတ်လပ်ရေးခရီး ၇၆ နှစ်ပြည့်မြောက်လာပြီဖြစ်သည့် ယနေ့အချိန်တွင် နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးစသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များ ခိုင်ခိုင်မာမာချမှတ်ပြီး နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုများ ဆက်လက်၍ လိုအပ်နေဦးမည် ဖြစ်သည့်အတွက် နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတူတကွလက်တွဲဆောင်ရွက်သွားကြပါဟု အလေးအနက်တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များဖြစ်ကြသည့် သရေစည်သူဘွဲ့ရရှိသူ လေးဦးနှင့် စည်သူဘွဲ့ရရှိသူ သုံးဦး၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ ခြောက်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ ၁၆ ဦးနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၅၈ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ သုံးဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ လေးဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

☆ **ကျောဖုံးမှအဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ဂုဏ်ပြုဆောင်ခန်းမ ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိုပ်ချို မဟာသရေစည်သူစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့နှင့်အတူ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့်ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မီးရှူးမီးပန်းများပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုဆောင်ခန်းမ၌ ညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ ပဒေသာကပွဲများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ပဒေသာကပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တေးသံရှင်များနှင့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

အဆိုပါ(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သိုရိုပ်ချို မဟာသရေစည်သူစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များ၊ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသားတိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု






နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင် အမှတ် ကြည်း ၃၇၂၁၆ ဒုတိယဗိုလ်မှူးကြီးလှိုင်မျိုးထွန်းအား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင် အမှတ် လေ ၂၄၃၄ ဒုတိယဗိုလ်မှူးကြီးရဲဦးအား သူရဲကောင်းမှတ်တမ်းဝင် တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင် အမှတ် ကြည်း ၄၉၃၅၃ ဗိုလ်မှူးရဲကျော်သူကိုယ်စား ဇနီးဒေါ်ခင်ယုယုထွန်း အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင် အမှတ် ကြည်း ၇၂၂၄၇ ဗိုလ်မှူးစိုးလှိုင်ဝင်းသန့်ကိုယ်စား အစ်ကိုဖြစ်သူ ဦးအောင်စိုးမင်းသန့်အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင် အမှတ် လေ ၃၀၇၅ ဗိုလ်မှူးခင်မောင်ထွန်းအား သူရဲကောင်းမှတ်တမ်းဝင် တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင် အမှတ် ကြည်း ၄၉၈၅၂ ဗိုလ်ကြီးထွန်းဝင်းအား သူရဲကောင်းမှတ်တမ်းဝင် တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူး ဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ကျင်းပ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ် များကို ချီးမြှင့်အပ်နှင်းပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် သီရိပျံချီ မဟာသရေစည်သူစိုးဝင်း နှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲ ရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး သီရိပျံချီ စည်သူမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူး ဆောင်တံဆိပ် လက်ခံရယူကြမည့် အရာရှိ စစ်သည်များနှင့် အမွေခံများ တက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြား ရာတွင် ရဲဘော်အချင်းချင်းအပေါ် ထားရှိ သည့် မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားများကို ရှေ့တန်းတင် ပြီး **တိုင်းပြည်နှင့် လူမျိုးအတွက် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ ရဲစွမ်းသတ္တိပြောင်မြောက်စွာ စွမ်းဆောင်ခဲ့ ကြသူများကို နှစ်စဉ် ဇန်နဝါရီ ၄ ရက် ရောက်သည့်အခါတိုင်း တပ်မတော်စွမ်းရည် သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင် ဘွဲ့၊ တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်အပ်နှင်း လျက်ရှိ**ကြောင်း၊ **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး နှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ် စောင့်ရှောက်ရမည့်တာဝန်သည် နိုင်ငံသား တိုင်း၏ တာဝန်ပင်ဖြစ်**ကြောင်း၊ မိမိတို့ထံ ရောက်ရှိလာသည့် သမိုင်းပေးတာဝန်များကို ရဲစွမ်းပြောင်မြောက်သည့် သူရသတ္တိအပြည့် ဖြင့် အသက်၊ သွေး၊ ချွေး၊ ခန္ဓာတို့ ရင်းနှီး ပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြသည့် နိုင်ငံ့ သားကောင်းများကို ယခုကဲ့သို့ လွတ်လပ် ရေးနေ့အခါသမယရောက်တိုင်း ဂုဏ်ပြု ချီးမြှင့်လျက်ရှိခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဟူသည့် မင်္ဂလာတရားတော် နှင့်အညီ ချီးမြှင့်ပေးခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ် လူငယ်များနှင့် မျိုးဆက်သစ် တပ်မတော်သားများအတွက် အဖိုးတန် စိတ်ဓာတ်ကောင်း **စာမျက်နှာ ၂၂ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင်အမှတ် ကြည်း ၇၄၉၄၄ ဗိုလ်ကြီးရန်လင်းနိုင်ကိုယ်စား မိခင် ဒေါ်မိုးမိုးအား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင်အမှတ် ကြည်း ၇၅၆၁၇ ဗိုလ်ကြီးဖြိုးမြင့်မြတ်အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင်အမှတ် ကြည်း ၇၇၉၀၇ ဗိုလ်ကြီးဝေလင်းစိုးကိုယ်စား ဖခင် ဦးအောင်သိုက်အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင်အမှတ် လေ ၃၅၀၅ ဗိုလ်ကြီးရဲလင်းကျော်အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ပြန်တမ်းဝင်အမှတ် လေ ၄၃၄၉ ဗိုလ်ကြီးအောင်ဖြိုးကျော်ကိုယ်စား မိခင်ဒေါ်အေးအေးနိုင်အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကိုယ်ပိုင်အမှတ် ၇၅၉၂၇၇ ဒုတိယအရာခံဗိုလ်မြင့်ဇော်ကိုယ်စား ဇနီး ဒေါ်အေးအေးသင်းအား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ကိုယ်ပိုင်အမှတ် တတ-၁၂၄၇၂၈ ဒုတိယတပ်ကြပ်တင်လင်းအောင်ကိုယ်စား ဖခင် ဦးကျော်မြင့်အောင်အား သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၂၁ မှအဆက်**

များကို အားကျအတုယူစေရန်ပင် ဖြစ်ကြောင်း။

အတိတ်ကာလမှ ယနေ့ထက်တိုင် နယ်ချဲ့အင်အားကြီးနိုင်ငံများသည် ၎င်းတို့၏အကျိုးစီးပွားကိုသာ ဦးစားပေးပြီး နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် နည်းလမ်းမျိုးစုံသုံးပြီး ထိုးဖောက်ဝင်ရောက်ခြယ်လှယ်နေကြကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ၎င်းတို့သည် ယင်းနိုင်ငံငယ်များကို ဦးစွာ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ အစိုးရနှင့် ပြည်သူ၊ ပြည်သူနှင့် တပ်မတော်ကြား သွေးကွဲသွားအောင် နည်းပညာအား၊ မီဒီယာအားများဖြင့် အရင်ဆုံးထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအပါအဝင် တိုင်းရင်းသားပြည်သူများအနေဖြင့် အသိ၊ သတိနှင့်ယှဉ်ပြီး မိမိတို့နိုင်ငံ၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ကြရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံသည် သမိုင်းကနေရရှိခဲ့သည့် အတွေ့အကြုံ သင်ခန်းစာများကြောင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် မိတ်ဝတ်မပျက် ဆက်ဆံနေထိုင်လျက်ရှိကြောင်း၊ နိုင်ငံတကာရေးရာ ကိစ္စရပ်များတွင် ဘက်လိုက်မှုမရှိဘဲ လွတ်လွတ်လပ်လပ် တရားမျှတမှုအပြည့်နှင့် ရပ်တည်နေသကဲ့သို့ လူသားအချင်းချင်းအပေါ်တွင် သာမက နိုင်ငံအချင်းချင်းအပေါ်၌ပါ တန်းတူညီတူဆက်ဆံသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ထိုကဲ့သို့နေထိုင်သည့်တိုင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို သွေးတိုးစမ်းသည့် အဖျက်အမှောင့်လုပ်ရပ်များရှိခဲ့သောကြောင့် မြန်မာ့တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ ပြန်လည်ချေမှုန်းခဲ့ရသည့် သမိုင်းဝင်တိုက်ပွဲပေါင်းများစွာလည်းရှိခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် **"ရဲသော်မသေ သေသော်ငရဲမလား"** ဟူသည့်ခံယူချက်ကို ရင်ဝယ်ပိုက်ပြီး တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်မျိုးဖြင့် တိုက်ပွဲဝင်ခဲ့ကြသူများသည် စစ်မှန်သည့် အာဇာနည်သူရဲကောင်းများဖြစ်ကြပြီး မြန်မာ့သမိုင်းမှတ်တမ်းတွင် မော်ကွန်းထိုးထားဆဲဖြစ်ကြောင်း၊ ထိုကဲ့သို့ မျိုးချစ်တပ်မတော်သား သူရဲကောင်းများ၏ အမည်နာမများသည် ဘယ်သောအခါမှ တိမ်မြုပ်ပျောက်ကွယ်သွားမှာ မဟုတ်ဘဲ ခေတ်အဆက်ဆက် သမိုင်းစဉ်ဆက် ထာဝရ မွေးပျံ့နေမည်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့အခါတွင် ဘက်စုံစစ်ပွဲ သဘောတရားများကြောင့် တိုက်ပွဲများသည် တောတောင်များအတွင်း၌သာ တိုက်ခိုက်ကြရသည်မဟုတ်တော့ဘဲ မြို့ပြနေရာများအထိ ဆင်နွှဲလာကြသည်ကို တွေ့ရှိရသည့်အတွက် ရှေ့တန်းနယ်မြေသည် ပိုမိုကျယ်ပြန့်လာသည်ကို တွေ့ရှိရကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအကျိုးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အပြောမဟုတ် အလုပ်သက်သေများနှင့် ဆောင်ရွက်ပြသည့် ပါရမီဖြည့်ဖက်များ၏ ဆောင်ရွက်ချက်များသည် သာမန်အမျိုးသမီးတိုင်း လုပ်နိုင်ခဲ့သည့် စွမ်းဆောင်ရည်ဖြစ်များပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့စွမ်းဆောင်ရည်များပေါ်ထွက်လာခြင်း၏အခြေခံသည် မိမိနိုင်ငံအပေါ်ထားရှိသည့် စစ်မှန်သည့်မျိုးချစ်စိတ်ကြောင့်ပင်ဖြစ်ကြောင်း၊ **တပ်မတော်၏ အဓိကအမာခံ အရန်အင်အားများဖြစ်သည့် ရဲမေမိသားစုဝင်များသည် အရေးကြုံပါက သက်လုံကောင်းစွာ မိသားစုဂုဏ်နှင့် တပ်မတော်ဂုဏ်ကို စောင့်ထိန်းသူများဖြစ်ခဲ့ကြသောကြောင့် စစ်မှန်သည့် မျိုးချစ်စိတ်များကို** **စာမျက်နှာ ၂၃ သို့**

စာမျက်နှာ ၂၂ မှအဆက်

**ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်းမှာကြားလို**ကြောင်း။

အများတကာလုပ်ဆောင်နိုင်ရန်ခဲယဉ်းသည့်တာဝန်များကို စွန့်လွှတ်စွန့်စားမှုအပြည့်ဖြင့် ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့သူများအတွက် နှစ်စဉ်လွတ်လပ်ရေးနေ့အခမ်းအနားများတွင် တပ်မတော်စွမ်းရည်သတ္တိနှင့်စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခြင်းအခမ်းအနားများကျင်းပပေးလျက်ရှိရာ ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၅ ဦးကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ ရဲသူရတံဆိပ်ရရှိသူ ကိုးဦး၊ ရဲဝလတံဆိပ်ရရှိသူ ၉၉ ဦး၊ စိမ်ထူးချွန်တံဆိပ်(ပထမ)ဆင့်ရရှိသူ ၁၄ ဦး၊ စိမ်ထူးချွန်တံဆိပ်(ဒုတိယ)ဆင့်ရရှိသူ ၂၈ ဦး၊ စိမ်ထူးချွန်တံဆိပ်(တတိယ)ဆင့်ရရှိသူ ၃၄ ဦး၊ လူမှုထူးချွန်တံဆိပ်(ပထမ)ဆင့်ရရှိသူ သုံးဦး၊ လူမှုထူးချွန်တံဆိပ်(ဒုတိယ)ဆင့်ရရှိသူ ခြောက်ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယ)ဆင့်ရရှိသူ သုံးဦး၊ နည်းပညာထူးချွန်တံဆိပ်(ပထမ)ဆင့် ရရှိသူ ငါးဦး၊ နည်းပညာထူးချွန်တံဆိပ် (ဒုတိယ)ဆင့်ရရှိသူ ၁၀ ဦး၊ နည်းပညာထူးချွန်တံဆိပ်(တတိယ)ဆင့်ရရှိသူ ၃၃ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၁၁၁ ဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူဦးရေ ၄၈၀ တို့ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာတိုင်းမှူးများက တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းအကအလှများဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

**ယနေ့ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံကြရသူများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ရာတွင် မိမိတို့ကျရာတာဝန်များကို အသက်ကိုပင်မငဲ့ကွက်ဘဲ ခွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ် တာဝန်ထမ်းဆောင်ပြီး မှတ်တမ်းကောင်းရေးထိုးခဲ့ကြသူများဖြစ်သဖြင့် ပြည်သူ့သားကောင်း အာဇာနည်များအဖြစ် အမြဲအမှတ်တရ လေးစားဂုဏ်ယူနေမည်ဖြစ်**ကြောင်း။

**အမိန့်နှင့်တာဝန်ကို ဦးထိပ်ပန်ဆင်ပြီး စွန့်စွန့်စားစား တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့သားကောင်းဓာနည်များ၏ ဖြူစင်မြင့်မြတ်သည့်နှလုံးသားများကို မျိုးဆက်သစ်များအနေဖြင့် လေးစားအားကျအတုယူလျက် နိုင်ငံတော်ကအားကိုးရပြီး ပြည်သူလူထုက လေးစားအားထားရသည့် မျိုးချစ်တပ်မတော်သားကောင်းဓာနည်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းမှာကြားလို**ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး သုံးဦး၊ ဗိုလ်မှူး ကိုးဦး၊ ဗိုလ်ကြီး ၁၀ ဦး၊ ဗိုလ် တစ်ဦး၊ ဒုတိယအရာခံဗိုလ် တစ်ဦး၊ ဒုတိယတပ်ကြပ် တစ်ဦး တို့အား ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်း၊ အက၊ အလှများဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရသူများနှင့် အမွေခံများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်





ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့စစ်ရေးပြအခမ်းအနားနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ စစ်သမီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသောတပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်က (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကိုကျင်းပပြုလုပ်ပြီး အားကစားနည်းများအလိုက် ဆုရရှိသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စခန်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

အလားတူ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များအလိုက် အသီးသီးကျင်းပပြုလုပ်ကြရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များအလိုက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပြီး အားကစားပြိုင်ပွဲများအလိုက် ဆုရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့စစ်ရေးပြ အခမ်းအနား ကျင်းပစဉ်။

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပ




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားစဉ်။**

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၂၄ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့်နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားကို အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီ နှင့် ဖယ်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး၊ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေး အတွက်ကြိုးပမ်းဆောင်ရွက်ရေး၊ အကြမ်းဖက်ဖြစ်စဉ်များ အားလုံးချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့်ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထု တစ်ရပ်လုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး ဟူသည့် (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့် အညီ အနှစ်သာရ ပြည့်ဝစွာကျင်းပခြင်းဖြစ်သည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၄ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား၊ တိုင်းရင်းသူများခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင်များ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယမြို့တော်ဝန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊တိုင်းရင်းသား၊တိုင်းရင်းသူများ၊မိဘပြည်သူများသည် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပမည့် မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက်(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက အလေးပြုခံစင်မြင့်သို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။




**(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့နိုင်ငံတော်အလံတင်အခမ်းအနားတွင် အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်စဉ်။**



## တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိ

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိတယ်ဆိုတာ ကျွန်တော်တို့ဖြတ်သန်းခဲ့တဲ့သမိုင်းကပြဆိုခဲ့ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်းအားနဲ့သာ အဓိကထားတည်ဆောက်ကြရပါမယ်။ မြေပေါ်မြေအောက်နဲ့ သယံဇာတကြွယ်ဝပြီး လူသားအရင်းအမြစ်ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံဟာ မဖွံ့ဖြိုး မတိုးတက်စရာမရှိပါဘူး။ ကျွန်တော်တို့ ညီညွတ်ရင်၊ ကြိုးစားရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံအထိ မလွဲမသွေ ရှေ့ဆက်ရောက်ရှိမှာဖြစ်ပါတယ်။

(၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၄-၁-၂၀၂၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံသမ္မတ မစ္စတာ ရမ်ချန်ဒရာပေါ်ဒဲလ်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။ မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်းလည်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီပေါနိုင်ငံဝန်ကြီးချုပ် မစ္စတာပူးရ်ပါ ကာမယ်လ် ဒါဟဲလ် 'ပရာချန်ဒါ'ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် နီပေါနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။ ချစ်ခင်ရင်းနှီးဖွယ်ကောင်းသော မြန်မာပြည်သူများ ပိုမိုတိုးတက်သာယာဝပြောပါစေကြောင်းလည်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၉၆၅၂ ဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁/၂၀၂၄**
၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ၉၆၅၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁၄ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၂/၂၀၂၄**
၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်
(၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

### ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ အကျဉ်းထောင်၊ အချုပ်ထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၁၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပေးပို့

**နေပြည်တော် ဇန်နဝါရီ ၄**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Moon Light ရေယာဉ်သည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းတို့မှ ပေးပို့သည့် ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က မှာယူသည့် လမ်းမီးတိုင်၊ မီးလုံး၊ ဓာတ်အားလိုင်းကြိုးနှင့် ဆက်စပ်ပစ္စည်းများ၊ ဆန်၊ စားအုန်းဆီနှင့် စားသောက်ကုန်များ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးဝါးများ စုစုပေါင်း ၂၀၇၄ ဒသမ ၇၅ တန် တင်ဆောင်၍ ယနေ့နံနက် ၇ နာရီ မိနစ် ၅၀ တွင် The Myanmar Terminal (TMT)ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇောသန်းလှိုင်က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရိုးလှိုင်က တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ တစ်ချိန်တည်းတစ်ပြိုင်တည်း အသီးသီးကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသူများနှင့် မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးများနှင့် တာဝန်ရှိသူများက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များရရှိကြသူများနှင့်အတူ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ခဲ့ကြပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်စိုးက တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် လက်မှတ်များ ပေးအပ်စဉ်။

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများပြုလုပ်



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ယနေ့သည် မြန်မာတစ်မျိုးသားလုံး ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ရသော (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်သည်နှင့်အညီ လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားများ၊ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ထို့ပြင် တန်ခိုးကြီးဘုရားစေတီများ၊ ပန်းခြံများ၊ အများနှင့် သက်ဆိုင်သောနေရာများ၌ ဘုရားဖူးမြော်သူများနှင့် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများ၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုမီးအလှများ ထွန်းညှိခြင်းများ ဆောင်ရွက်ကြရာ လာရောက်ကြည့်ရှုသူ မိဘပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။



ရခိုင်တိုင်းဒေသကြီး ရှောင်းသာကမ်းခြေ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားအကျဉ်းသူ ၉၇၆၆ ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပြု





နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးမှ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားအကျဉ်းသူများ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ယနေ့တွင်ကျရောက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရန်နှင့် လူမှုရေးအရ ငဲ့ညှာထောက်ထားပြီး နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကိုနားလည်စေရန် ရွေးချယ်၍ နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်၊ အချုပ်ထောင်၊စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူ ၉၆၅၂ ဦးနှင့် နိုင်ငံခြားသားအကျဉ်းသား၊ အကျဉ်းသူ ၁၁၄ ဦး စုစုပေါင်း ၉၇၆၆ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရနောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်များဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များကို လျှော့ပေါ့၍ လွတ်ငြိမ်းခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် အကျဉ်းသားအကျဉ်းသူများကို ၎င်းတို့ကျူးလွန်ခဲ့သည့်ပြစ်မှုများအရ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်များချမှတ်ခဲ့သော်လည်း အကျဉ်းထောင်နှင့်အကျဉ်းစခန်းများအတွင်း လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများနှင့်အခြားရသင့်သည့် လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့်အညီ ကောင်းမွန်ပြည့်စုံစွာ ဆောင်ရွက်ပေးထားသည့်အတွက်ယခုပြန်လည်လွတ်မြောက်လာသည့် အချိန်တွင် ကျန်းမာပျော်ရွှင်လျက်ရှိပြီးလာရောက်ကြိုဆိုသည့်မိဘဆွေမျိုးများကလည်းဝမ်းပန်းတသာဖြင့်ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

## ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ ကွင်းချောင်းတံတားကို KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ ကွင်းချောင်းတံတားကို KNLA အဖွဲ့ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် တံတားပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့၏ တောင်ဘက်မိုင် ၁၀၀၀ ခန့်အကွာ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရှိ ကွင်းချောင်းတံတားကို ယနေ့နံနက်ပိုင်းတွင် KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် ဒေသခံပြည်သူများ အားထားအသုံးပြုလျက်ရှိသည့် အရှည်ပေ ၃၀၀၊ အကျယ်ပေ ၅၀ ရှိ ကွင်းချောင်းသံကူကွန်ကရစ်တံတား ကညွတ်ကွင်းဘက်ခြမ်း၌ အရှည်ပေ ၆၀ ခန့်ပြိုကျပျက်စီးခဲ့ရပြီး လက်ရှိတွင် မော်တော်ယာဉ်များသွားလာ၍ မရကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

အဆိုပါတံတားပျက်စီးမှုကို သက်ဆိုင်ရာ လမ်း၊တံတားဦးစီးဌာနမှ တာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်နိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter-Terrorism Operation)ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သဖြင့် ပြည်သူနှစ်ဦး ဒဏ်ရာရပြီး တစ်ဦးဖမ်းဆီးခံရကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်မှလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂ ရက်တွင် တောပုရှာဘုန်းကြီးကျောင်းတွင် အထိုင်ချပြီး လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိကာတစ်ဦးကို ဖမ်းဆီးသွားခဲ့ကြောင်းနှင့် ကျေးရွာနေအိမ်များမှ အဖိုးတန်ပစ္စည်းများကိုယူဆောင်သွားသည်ဟု သတင်းတုသတင်းမှားများကို ပြည်ဖျက်မီဒီယာ DVB ကမဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသရှိ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၂ ရက်တွင် မတ္တရာမြို့နယ် တောပုရှာသို့ လုံခြုံရေးတပ်ဖွဲ့များ သွားရောက်ခဲ့ခြင်းမရှိသလို ကျေးရွာများ၊ ဒေသခံပြည်သူများကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်မှုမရှိကြောင်းသိရှိရပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများက ကြောက်ရွံ့ထိတ်လန့်လာစေရန် သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ငြိမ်းချောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၉၁၇၉၆ ဧက ရိတ်သိမ်းပြီးစီး



**ဝါးခယ်မ ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မိုးစပါး ၁၉၁၇၉၆ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၁၃၂၁၆ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးများကို ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၉၁၇၉၆ ဧက ပြန်လည်ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးဖြစ်သည့် မိုးစပါးများ တစ်ဧကလျှင် ၉၁ ဒသမ ၅၁ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ မိုးစပါး ၂၁၃၂၁၆ ဧကထိ လျာထားစိုက်ပျိုးခဲ့တယ်။ လက်ရှိ စိုက်ပျိုးထားတဲ့ မိုးစပါးတွေကို ပြန်လည်ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ မိုးစပါး ၁၉၁၇၉၆ ဧက ပြန်လည်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ကျန်တဲ့မိုးစပါးတွေကို ရာနှုန်းပြည့် ရိတ်သိမ်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့တယ်။ ဒါ့ပြင် တောင်သူတွေ စိုက်ပျိုးတဲ့မိုးစပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေး နည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေး၊ အသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးခဲ့တယ်။ လက်ရှိ ရိတ်သိမ်းနေတဲ့စပါးတွေ အထွက်နှုန်းနဲ့ စပါးအရည်အသွေး ပြည့်မီတာ တွေ့ရပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးစပါးများအားလုံး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရိတ်သိမ်းနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်အဖွဲ့အစည်းများကပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယောင်းမြို့နယ် ကျန်းတောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုင်းယောင်း ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေပြီး ရာသီမရွေး သွားလာနိုင်ရန်ရည်ရွယ်၍ ဝမ်မန်းကျေးရွာအုပ်စု ကျန်းတောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းနှင့် တာဝန်ခံ အင်ဂျင်နီယာများသည် ကျန်းတောင်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးသည့် ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မိုင်းယောင်းမြို့နယ် ကျန်းတောင်းကျေးရွာတွင် လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၇ ဒသမ ၃၆ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစံလင်းက ပြောပြ၍ သိရသည်။

**မောင်ရိုင်**

# လွတ်လပ်ရေးနှင့် တိုင်းရင်းသားပြည်သူတို့၏တာဝန်

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

❖ လွတ်လပ်ရေးဆိုသည်မှာ နိုင်ငံသားအားလုံး အလေးအနက် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရမည့်အရာဖြစ်သည်။ အတိတ်ကို မသိလျှင်ထပ်ကျော့အမှားများကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လျှင်လည်း အနာဂတ်လမ်းပျောက်နိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအပေါင်း၏ စိတ်တွင်အားလုံးမှာ We are Myanmar ဆိုသည့်စိတ်ဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးကြီး ထာဝရတည်တံ့ခိုင်မြဲနေအောင် ကြိုးစားကြရမည်ဖြစ်သည်။ ❖

လွတ်လပ်ရေးဆိုသည်မှာ တိုင်းတစ်ပါး၏အုပ်စိုးခြင်းမှ လွတ်လပ်မှုဟူ၍ မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ လွတ်လပ်ရေးသည် အချိန်တိုအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေးရရှိရေးအတွက် တိုက်ပွဲဝင်ခဲ့ရသည်မှာအချိန်ကာလကြာမြင့်စွာ ကြိုးပမ်းခဲ့ကြရသည်။ လွတ်လပ်ရေးပြန်လည် ရရှိရေးအတွက် ဘိုးဘွားတို့ အသက်သွေးပေါင်းများစွာ ပေးဆပ်ကြရသည်။ လွတ်လပ်ရေးဆုံးရှုံးရသောအကြောင်းရင်းများတွင် ခေတ်မီတပ်မတော် တစ်ရပ် မရှိခြင်းဟုဆိုကြသော်လည်း ထိုခေတ်မီတပ်မတော်တစ်ရပ်ကို တည်ထောင်ရန် စီမံခန့်ခွဲမှုကောင်းသော ခေါင်းဆောင်များမရှိခြင်းကြောင့် လွတ်လပ်ရေးဆုံးရှုံးရခြင်းဖြစ်သည်ဟုလည်းဆိုနိုင်သည်။ ခရစ်နှစ် ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်သို့ကျရောက်ခဲ့သည်။ လွတ်လပ်ရေးဆုံးရှုံးသွားသည့်အခါ နယ်ချဲ့အင်္ဂလိပ်တို့က ညီညွတ်နေသော တိုင်းရင်းသားတို့ကို သွေးခွဲအုပ်ချုပ်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာတိုင်းရင်းသားတို့အပေါ် သွေးခွဲအုပ်ချုပ်ရခြင်းအကြောင်းကို လေ့လာကြည့်သောအခါ ထင်ရှားစွာတွေ့ရှိသည်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာမှုရှိနေသောကြောင့် ဖြစ်သည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးကြိမ်စလုံးတွင် မြန်မာတိုင်းရင်းသားများ စုစည်းညီညာစွာ တိုက်ပွဲဝင်ခဲ့ကြကြောင်း အင်္ဂလိပ်တို့ရေးသားသောမှတ်တမ်းများတွင် ဖော်ပြပါရှိသည်။

ဝန်းသိုနယ်မှ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၊ ဆင်ဖြူကျွန်းမှ ဆရာတော်ဦးဥတ္တမ(ရခိုင်လူမျိုး)၊ ရွှေဘိုနယ်မှ ထိပ်တင်မှတ်၊ နတ်မောက်နယ်မှ ဗိုလ်မင်းရောင်၊ ပုဂံနယ်မှဗိုလ်ချို၊ ချင်းပြည်နယ်မှ ကွမ်ဘိစ်၊ ဝဲလောင်နယ်မှ ဗိုလ်ရာညွန့်၊ မင်းတုန်းနယ်မှဗိုလ်ရွှေ၊ ခနုဖြူနယ်မှ ဗိုလ်မြတ်ထွန်း၊ ဇီးပင်ကြီးနယ်မှ မြင်စိုင်းမင်းသား၊ ကျောက်ဆည်နယ်မှ ဗိုလ်သာကြိုင်၊ ကျွန်းခင်းကြီးနယ်မှဗိုလ်လှကျော်၊ ကယားပြည်နယ်မှစောလဖော်၊ 'ဝ'နယ်မှ စောမဟာနှင့်နော်ခမ်းဦး၊ ပုပ္ပားနယ်မှ ဗိုလ်နက်ကျော်၊ ကချင်ပြည်နယ်မှ ဖုန်ကန်ဒူးဝါး၊ သာယာဝတီနယ်မှ ဗိုလ်ခေါင်းကြီးနှင့်ဗိုလ်ခေါင်းလေးတို့ဖြစ်ကြသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို မြင်တွေ့နိုင်သည်။ ထို့ကြောင့် အင်္ဂလိပ်တို့က သွေးခွဲအုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းအစတွင် နိုင်ငံအတွက် မှတ်တမ်းတင်ရမည်မှာ ၁၉၀၆ ခုနှစ် မေ ၁၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA) ဖြစ်သည်။ ၁၉၁၀ ပြည့်နှစ်သို့ရောက်သောအခါ ရန်ကုန်မြို့တွင်သာမဟုတ်ဘဲ နယ်အသီးသီးတွင်လည်း ဝိုင်အမ်ဘီအေ အသင်းခွဲများကို ဖွဲ့စည်းလာကြသည်။ မြန်မာပြည်လုံးဆိုင်ရာ ဝိုင်အမ်ဘီအေအသင်းများ၏ အစည်းအဝေးကို ၁၉၁၁ ခုနှစ်၌ ရန်ကုန်မြို့တွင် ကျင်းပသည်။ ထိုအစည်းအဝေးကြီးမှပင် ဝိုင်အမ်ဘီအေကို ဂျီစီဘီအေဟူ၍ အမည်ပြောင်းခဲ့သည်။

ဝိုင်အမ်ဘီအေအသင်းချုပ်ကြီးမှ ဂျီစီဘီအေအသင်းချုပ်ကြီးအဖြစ်သို့ တိုးတက်ကူးပြောင်းလာသော မြန်မာ့နိုင်ငံရေးသည် အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြွေးကြော်သံများ မြည်ဟည်းကာ အမျိုးသားစိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်များ အရှိန်မြင်းလာသည်။ အင်္ဂလိပ်တို့က ၁၉၂၀ ပြည့်နှစ်တွင် တက္ကသိုလ်အက်ဥပဒေရေးဆွဲ အတည်ပြုခဲ့သည်။ ထို့ကြောင့် ရန်ကုန်ကောလိပ်ကျောင်းသားများသည် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၅ ရက် (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် သပိတ်မှောက်ခဲ့ကြသည်။

၁၉၂၁ ခုနှစ် မန္တလေးမြို့၌ ကျင်းပသော ဂျီစီဘီအေအသင်းချုပ်ကြီး၏ နဝမအကြိမ်မြောက် ကွန်ဖရင့်ကြီး၌ အမျိုးသားအောင်ပွဲနေ့သတ်မှတ်ရေးကို ဆွေးနွေးခဲ့ကြသည်။ ၁၉၂၂ ခုနှစ် ရန်ကုန်မြို့တွင် ကျင်းပသော ဂျီစီဘီအေအထူးကွန်ဖရင့်က ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများစတင်သပိတ်မှောက်သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်ကို အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ခဲ့ကြသည်။ အမျိုးသားကျောင်းများ တည်ထောင်နိုင်သဖြင့် မျိုးချစ်စိတ်ဓာတ်နှင့်တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်များ ဝင်စားလာကြစေရန် ပုံသွန်းလောင်းနိုင်ခဲ့ကြသည်။

ဤကာလအတွင်း အရှိန်ကောင်းကောင်းနှင့် စည်းလုံးညီညွတ်နေခဲ့သော ဂျီစီဘီအေအသင်းချုပ်ကြီးကို အင်္ဂလိပ်နယ်ချဲ့သမားတို့က ၁၉၁၉ ခုနှစ် အိန္ဒိယအက်ဥပဒေအရ ဒိုင်အာခီအုပ်ချုပ်ရေးနှင့် ဖြားယောင်းခဲ့သဖြင့် ဂျီစီဘီအေမှာ အစိတ်စိတ် အမြွှာမြွှာ ကွဲပြားသွားခဲ့သည်။ ဒိုင်အာခီဆိုသော အဓိပ္ပာယ်မှာ နှစ်ခြမ်းခွဲ၍အုပ်ချုပ်သောစနစ်ဟုဆိုလိုသည်။ မြန်မာတို့သည်ကိုယ့်အချင်းချင်းမည်သို့ပင် စိတ်ထားချင်းမတိုက်ဆိုင်ပါစေ၊ မြန်မာပြည်လွတ်လပ်ရေးအတွက် ထားရှိသော စိတ်ဓာတ်မှာ တူညီသည်။ ၁၉၃၀ ပြည့်နှစ် မေ ၃၀ ရက်တွင် တို့ဗမာအစည်းအရုံးကို ထူထောင်သည်။ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်တွင် သာယာဝတီမြို့ အရှေ့ဘက်ရှိ တောင်ညိုစခန်းမှနေပြီး ဆရာစံ ခေါင်းဆောင်သော တောင်သူလယ်သမားများက အင်္ဂလိပ်တို့ကို စတင်တိုက်ခိုက်သည်။ ဆရာစံ၏ တောင်သူလယ်သမားအရေးတော်ပုံကြီးကို အင်္ဂလိပ်အစိုးရက ရက်စက်စွာနှိမ်နင်းသည်။ ဆရာစံတော်လှန်ရေးသည် မြန်မာတို့အား လွတ်လပ်ရေးကိုလက်နက်ဖြင့် တော်လှန်တိုက်ခိုက်ယူမှသာ ရနိုင်မည်ဟူသောသင်ခန်းစာကို ပေးအပ်ခဲ့သည်ဟု ဆိုရပေမည်။

ရန်ကုန်တက္ကသိုလ်မှအစပြုကာ အထက်တန်းကျောင်းများပါ ကိုလိုနီပညာရေးစနစ်ကို တော်လှန်သောအားဖြင့် ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ်ကို ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် စတင်ခဲ့သည်။ ၁၉၃၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ရေနံချောင်း၊ ချောက် စသောရေနံမြေရပ်ကွက်များ၌ ရေနံမြေအလုပ်သမားများသည် အင်္ဂလိပ် အရင်းရှင်တို့၏ ဖိနှိပ်မှုများကြောင့် သပိတ်မှောက်ကြသည်။ ရေနံမြေအလုပ်သမားများအရေးကြောင့် ကျောင်းသားသမဂ္ဂခေါင်းဆောင်များကို အစိုးရက ဖမ်းဆီးထားပြန်သည်။ ထိုသို့ဖမ်းဆီးခြင်းကို ကန့်ကွက်သောအားဖြင့် ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ကျောင်းသားများသည် အစိုးရအတွင်းဝန်များရုံးကြီးကို ဝိုင်း၍ အင်အားပြကြသည်။ အစိုးရကမြင်းနှင့်တိုက်၊ နံပါတ်တုတ်ဖြင့်ရိုက်သဖြင့် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်သေဆုံးပြီး ကျောင်းသားအများအပြား ဒဏ်ရာရရှိသွားသည်။

ထိုအချိန်တွင် ကမ္ဘာ့အခြေအနေမှာ ဒုတိယကမ္ဘာစစ်ပွဲကြီးဖြစ်ပွားရန် သေချာနေသည်။ ကမ္ဘာစစ်ဖြစ်၍ အင်္ဂလိပ်တို့အခက်တွေ့လျှင် မြန်မာတို့၏အချက်ပင်ဖြစ်ရမည်ဟု မြန်မာတို့ကယူဆကြသည်။ ပြည်တွင်းညီညွတ်ရေးအတွက် "ဗမာ့ထွက်ရပ်ဂိုဏ်း"ကို တည်ထောင်ပြီး ပြည်ပနိုင်ငံတစ်ခုခုနှင့် အဆက်အသွယ်ရှာဖွေရာ နောက်ဆုံးတွင် ဂျပန်တို့နှင့် ဆက်သွယ်မိကြသည်။ ဤသို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ပေါ်ထွန်းလာခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်တပ်များနှင့်ပူးပေါင်းကာ အင်္ဂလိပ်တို့ကို မြန်မာ့မြေပေါ်မှ မောင်းနှင်တိုက်ထုတ်ခဲ့ကြသည်။

မြန်မာတို့အဖို့ လွတ်လပ်ရေးရချင်လွန်း၍ အင်္ဂလိပ်တို့ကို မောင်းထုတ်ခဲ့သော်လည်း ဂျပန်တို့ကား မြန်မာတို့ကို စစ်မှန်သောလွတ်လပ်ရေးမပေးခဲ့ပေ။ မြန်မာတို့သည် ဂျပန်တို့၏ ဖက်ဆစ်ဆန်ဆန်ညှဉ်းဆဲမှုများကို ခံရပြန်သည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော တပ်မတော်နှင့်အတူ ပြည်သူတစ်ရပ်လုံး က ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်ဂျပန်တို့ကို စတင်တော်လှန်ခဲ့ကြသည်။ တပ်မတော်သည် ထိုနေ့ရက်မှစ၍ မည်သူ၏အမိုးအခိုအောက်တွင်မှ မရှိတော့ဘဲ သီးခြားရပ်တည်နိုင်ခဲ့ခြင်းကြောင့် နှစ်စဉ် မတ် ၂၇ ရက်ကိုတပ်မတော်နေ့ဟု သတ်မှတ်ခဲ့သည်။

ဖက်ဆစ်တော်လှန်ရေး ပြီးမြောက်ခဲ့သော်လည်း မြန်မာတို့လိုချင်သော လွတ်လပ်ရေးကား မရသေးပေ။ အင်္ဂလိပ်တို့ ပြန်လည်ဝင်ရောက်လာကာ ပြန်လည်အုပ်ချုပ်ပြန်သည်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာအက်တလီနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ အောင်ဆန်း-အက်တလီ စာချုပ် ချုပ်ဆိုသည်။ ထိုစာချုပ်ပါအစိတ်အပိုင်းအရ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိကြောင်းကို ပြသသည့်အနေဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုကြသည်။ ထိုပင်လုံစာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုသော ဖေဖော်ဝါရီ ၁၂ ရက်ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာ့သမိုင်းတွင် အမျိုးသားနေ့၊ တပ်မတော်နေ့၊ ပြည်ထောင်စုနေ့တို့ ပေါ်ပေါက်လာခြင်းမှာ လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာစေရန် အကြောင်းရင်းခံဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့သော်လည်း နယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုအုပ်ချုပ်မှု အကျိုးဆက်ကယနေ့တိုင်ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခြင်းမှာ အဆိုပါအကျိုးဆက်ကြောင့်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများ ရှိနေသည့်အတွက် နိုင်ငံ၏အခြေအနေမှာ တိုးတက်သင့်သလောက် မတိုးတက်ဘဲရှိနေခြင်းဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် လူသားအရင်းအမြစ်များဆုံးရှုံးနေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ကို ဦးဆောင်ထမ်းဆောင်နေစဉ်အတွင်း ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ် ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေရန် ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ လွတ်လပ်ရေးဆိုသည်မှာ နိုင်ငံသားအားလုံး အလေးအနက်တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရမည့်အရာဖြစ်သည်။ အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားများ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကိုအစွဲသန်လျှင်လည်း အနာဂတ်လမ်းပျောက်နိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူအပေါင်း၏စိတ်တွင် အားလုံးမှာ We are Myanmar ဆိုသည့်စိတ်ဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးကြီး ထာဝရတည်တံ့ခိုင်မြဲနေအောင် ကြိုးစားကြရမည်ဖြစ်သည်။

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ် ချမှတ်ထားရာ အောက်ပါအတိုင်း ဖြစ်ပါသည်-

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့်ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

အဆိုပါ လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များသည် နိုင်ငံတော်ကြီးအေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံသားတို့၏ လူမှုစီးပွားတိုးတက်မြင့်မားရေးအတွက် လုပ်ဆောင်ကြရန် အချက်များဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့သို့လှမ်းမည် ပန်းတိုင်ဆီ ဆိုသည့်အတိုင်း နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝများကို တည်ဆောက်ပေးလျက်ရှိသည်။ ပြည့်အင်အားသည် ပြည်တွင်းမှာရှိသည်ဆိုသည့်အတိုင်း လွတ်လပ်သောနိုင်ငံတော်၊ လွတ်လပ်သောလူမျိုးအဖြစ် နှစ်ပေါင်းရှည်ကြာစွာ ဂုဏ်ယူနေထိုင်နိုင်ရန်မှာ တိုင်းရင်းသားအားလုံး မဆုတ်မနစ်စဉ်ဆက်မပြတ် လုပ်ဆောင်ကြရမည့် တာဝန်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

– **နေ့စဉ်ထုတ်သတင်းစာများ**

# စနေနေ့ညကစားမဲ့ဥရောပပွဲစဉ်တွေထဲက နိုင်ပွဲရှာဖွေဖို့ကြိုးပမ်းလာမဲ့ နယူးကာဆယ်အသင်း၊ ဘက်တစ်အသင်း၊ ဖရိုစီဝမ်းအသင်းတို့ကိုရွေးချယ်ရမှာပါ

ML



ခရစ္စမတ်အားလပ်ရက်ကာလပြီးဆုံးချိန်မှာ ဥရောပပြိုင်ပွဲတွေ ပြန်လည်စတင်မှာဖြစ်ပေမဲ့ စီးရီးအေကအမှတ်ပေးပြိုင်ပွဲတစ်ခုသာ ကစားမှာဖြစ်ပြီး ကျန်လိဂ်တွေကတော့ ပြည်တွင်းဖလားပြိုင်ပွဲတွေ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ပြည်တွင်းဖလားပြိုင်ပွဲတွေနဲ့ စီးရီးအေပြိုင်ပွဲတွေထဲက လက်ရှိပုံစံကောင်းရရှိနေပြီး အစဉ်အလာအရ နှစ်သစ်မှာနိုင်ပွဲနဲ့စတင်နိုင်ခဲ့တဲ့အသင်းတွေကိုသာ ဦးစားပေးချဉ်းကပ်သွားမှာပါ။ လာမဲ့ပွဲစဉ်တွေဟာ ဖလားပြိုင်ပွဲတွေဖြစ်နေတာကြောင့် အရန်ကစားသမားတွေနဲ့သာ ပွဲထွက်လာနိုင်တဲ့အသင်းတွေများနေလို့ ဖလားပြိုင်ပွဲမှာ အစဉ်အလာရှိပြီးကစားသမားအစုံအလင်နဲ့ပွဲထွက်လာမဲ့အသင်းတွေကိုသာ အဓိကရွေးချယ်သွားမှာဖြစ်ပါတယ်။

**နယူးကာဆယ်အသင်း ရလဒ်ကောင်းမှာပါ**

စနေနေ့ညမှာကစားမဲ့ အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဆန်းဒါးလန်းနဲ့နယူးကာဆယ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ချန်ပီယံရှစ်ကလပ်ဆန်းဒါးလန်းအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲဆက်ရှုံးပွဲမရှိဘဲ ရလဒ်ကောင်းခဲ့တာဖြစ်ပေမဲ့ ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိသေးပါဘူး။ ဆန်းဒါးလန်းအသင်းဟာ အက်ဖ်အေဖလားပြိုင်ပွဲမှာ ၁၉၃၇ ခုနှစ်နဲ့ ၁၉၇၃ ခုနှစ်မှာ ဆုဖလားနှစ်ကြိမ်ရရှိခဲ့ပြီး ၁၉၁၃ ခုနှစ်နဲ့ ၁၉၉၂ ခုနှစ်တွေမှာ ဒုတိယနေရာရရှိခဲ့တာကိုတွေ့ရမှာပါ။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာတော့ အမြင့်ဆုံးဆီမီးဖိုင်နယ်ထိတက်ရောက်နိုင်ခဲ့ပေမဲ့ နောက်ပိုင်းနှစ်တွေမှာတော့ တတိယအဆင့်၊ စတုတ္ထအဆင့်တွေက ထွက်ခွာခဲ့ရတာများပါတယ်။ ပြီးခဲ့တဲ့နှစ်မှာလဲ စတုတ္ထအဆင့်မှာ ဖူလ်ဟမ်အသင်းနဲ့တွေ့ဆုံခဲ့ပြီး သုံးဂိုးနှစ်ဂိုးနဲ့ရှုံးနိမ့်ကာ ပြိုင်ပွဲကထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ပရီးမီးယားလိဂ်ကိုတန်းတက်ရဖို့အတွက် အဓိကအာရုံစိုက်နေတာကြောင့် အက်ဖ်အေဖလားပွဲစဉ်ကို လူချန်ကစားလာမယ်ဆိုရင်တော့ ကစားသမားစုဖွဲ့မှုကောင်းနေတဲ့နယူးကာဆယ်ကို ဂိုးပြတ်ရှုံးသွားမှာသေချာပါတယ်။

နယူးကာဆယ်အသင်းဟာ နည်းပြဟိုဝီလက်ထက်မှာရလဒ်ပိုင်းတိုးတက်လာခဲ့ပေမဲ့ အဓိကကစားသမားတွေဒဏ်ရာရပြီးနောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲနဲ့ ကွာရာဘောင်းဖလားပြိုင်ပွဲက ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ အမှတ်ပေးပွဲစဉ်မှာလဲ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲမရခဲ့ဘဲ ခံစစ်ပိုင်းကပေးဂိုး ရှစ်ဂိုးထိရှိခဲ့တာကြောင့် နည်းပြဟိုဝီအနေနဲ့ ဖိအားအောက်ရောက်နေတယ်လို့ဆိုရမှာပါ။ ဒါကြောင့် အခုလိုကစားသမားစုဖွဲ့မှုအားနည်းတဲ့ပြိုင်ဘက်နဲ့တွေ့ချိန်မှာ ရလဒ်ကောင်းရဖို့ပြင်ဆင်ပြီး ဖိအားအောက်ကရုန်းထွက်မှာသေချာပါတယ်။ သူတို့အသင်းဟာ အက်ဖ်အေဖလားသမိုင်းမှာ ဗိုလ်လုပွဲငါးကြိမ်တက်ရောက်ခဲ့ပြီး သုံးကြိမ်ထိဆုဖလားရရှိခဲ့တဲ့အသင်းဖြစ်ပါတယ်။ နယူးကာဆယ်အသင်းဟာ ဆန်းဒါးလန်းနဲ့တွေ့ဆုံခဲ့တဲ့ ၁၂ ကြိမ်မှာကိုးပွဲရှုံးသုံးပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့တယ်ဆိုပေမဲ့ ၂၀၂၀ပြည့်နှစ်နောက်ပိုင်း အသင်းကိုပြောင်းလဲမှုပြုလုပ်ပြီးချိန်မှာတော့ ခြေစွမ်းပိုင်းအရင်လိုမဟုတ်တော့ဘဲ ထိပ်သီးအသင်းကြီးတွေကိုတောင် အနိုင်ရတဲ့ထိကောင်းမွန်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိအကျောပေးမှုကလဲ နယူးကာဆယ်တစ်ဂိုးနဲ့နိုင်ရင် နယူးကာဆယ်အသင်းရလဒ်ကောင်းမှာပါ။

**ဆန်းဒါးလန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရစ္စတိုး | ၁ | - | ၀ | ဆန်းဒါးလန်း |
| ဆန်းဒါးလန်း | ၀ | - | ၃ | ကိုဗင်ထရီ |
| ဟူးလ် | ၀ | - | ၁ | ဆန်းဒါးလန်း |
| ရှိသာဟမ် | ၁ | - | ၁ | ဆန်းဒါးလန်း |
| ဆန်းဒါးလန်း | ၂ | - | ၀ | ပရက်စတန် |

**နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နယူးကာဆယ် | ၃ | - | ၀ | ဖူလ်ဟမ် |
| ချဲလ်ဆီး | ၁ | - | ၁ | နယူးကာဆယ် |
| လူတန် | ၁ | - | ၀ | နယူးကာဆယ် |
| နယူးကာဆယ် | ၁ | - | ၃ | နော်တင်ဟမ် |
| လီဗာပူး | ၄ | - | ၂ | နယူးကာဆယ် |

**ဘက်တစ်အသင်းကို အားပေးရမှာပါ**

စနေနေ့ညမှာကစားမဲ့ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲမှာ အကြိုက်တွေ့မိတာကတော့ အလာဗက်နဲ့ဘက်တစ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အလာဗက်အသင်းဟာ ဖလားပြိုင်ပွဲပထမအဆင့်မှာ အောက်တန်းကလပ်မာစီယာအသင်းကို ၁၀ ဂိုး ဂိုးမရှိနဲ့ကစားနိုင်ခဲ့ပြီး ဒုတိယအဆင့်မှာ တာရက်ဆာအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့အနိုင်ယူပြီး ၃၂ သင်းရှုံးထွက်အဆင့်ကိုတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ နောက်ဆုံးအမှတ်ပေးလေးပွဲဆက်မှာတော့ နိုင်ပွဲမရခဲ့ဘဲပွဲတိုင်းပေးဂိုးရှိခဲ့ပြီး ရလဒ်ကောင်းဖို့ရုန်းကန်နေရတဲ့အသင်းဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရမှတ် ၁၇ မှတ်နဲ့ အဆင့် (၁၅) မှာရှိနေပေမဲ့ တန်းဆင်းဇုန်နဲ့ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် တန်းမဆင်းရဖို့ကြိုးပမ်းနေရတာလဲဖြစ်ပါတယ်။ လက်ရှိမှာလဲ ဘက်တစ်လိုခြေစွမ်းပိုင်းမာကျောတဲ့အသင်းနဲ့တွေ့နေတာကြောင့် ဖလားပြိုင်ပွဲထက်အမှတ်ပေးပွဲမှာတန်းဆင်းဇုန်ကလွတ်မြောက်ဖို့သာ အာရုံစိုက်နေရတဲ့အသင်းဖြစ်တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အခုပွဲစဉ်ပြီးရင်အမှတ်ပေးပွဲမှာ ဆီဗီလာနဲ့ကစားရမှာဖြစ်တာကြောင့် အဓိကကစားသမားတွေကိုအနားပေးလာမယ်ဆိုရင်တော့ ဘက်တစ်အသင်းကိုပွဲချိန်ပြည့်ယှဉ်ပြိုင်ကစားဖို့မဖြစ်နိုင်ပါဘူး။

ဘက်တစ်အသင်းဟာ အဝေးကွင်းတိုက်စစ်ပိုင်းအားနည်းတာကြောင့် ရလဒ်ကောင်းဖို့ ရုန်းကန်နေရပေမဲ့ နောက်ဆုံးအဝေးကွင်းရှစ်ပွဲဆက်မှာတော့ ရှုံးပွဲမရှိဘဲ သရေရလဒ်တွေများခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ လာလီဂါပြိုင်ပွဲမှာ အသင်းကြီးတွေကိုတောင် ဖိအားပေးကစားနေတဲ့အသင်းဖြစ်တာကြောင့် အလာဗက်လိုအသင်းကိုတော့ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ဖို့များပါတယ်။ လက်ရှိဖလားပွဲစဉ်မှာလဲ အောက်တန်းအသင်းတွေဖြစ်တဲ့ ကော့တက်စ်အသင်းကို ၁၂ ဂိုးတစ်ဂိုး၊ ဗီလာနိုဗန်စီအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး ရှုံးထွက်အဆင့်ကိုတက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။ ကိုပါဒယ်ရေးသမိုင်းမှာတော့ ဗိုလ်လုပွဲငါးကြိမ်ရောက်ရှိခဲ့ပြီး သုံးကြိမ်ထိဆုဖလားရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်မှာတော့ ၁၆ သင်းရှုံးထွက်ထိရောက်ခဲ့ပြီး အိုဆာဆူနာကိုပင်နယ်တီသွင်းဂိုးနဲ့ရှုံးခဲ့လို့ပြိုင်ပွဲက ထွက်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြပယ်လီဂရီနီလက်ထက်မှာ ပထမဆုံးကိုပါဒယ်ရေးဖလား ဆွတ်ခူးထားနိုင်တဲ့အသင်းဖြစ်တာကြောင့် နည်းပြအနေနဲ့ အခုပွဲစဉ်ကိုအနိုင်ရဖို့ ဘယ်လိုယှဉ်ပြိုင်ရမလဲဆိုတာ တွက်ဆနိုင်သလို ပြိုင်ဘက်ကလဲ ခြေစွမ်းပိုင်းကျဆင်းနေတဲ့အလာဗက်အသင်းဖြစ်တာကြောင့် နိုင်ပွဲရဖို့သေချာနေတာဖြစ်ပါတယ်။ လက်ရှိမှာ ကစားသမားခုနစ်ယောက်ထိဒဏ်ရာရနေတာကြောင့် ကစားကွက်ပိုင်းကျဆင်းသွားမယ်လို့ထင်နိုင်ပေမဲ့ နည်းပြပယ်လီဂရီနီရဲ့ ၄-၂-၃-၁ ကစားကွက်မှာ အဓိကတိုက်စစ်မှူးတွေဖြစ်တဲ့ ဝီလျံဂျို၊ ပီရက်ဇ်၊ ဒီယာအို၊ အစ္စကို၊ အီဂယ်စီယာတို့လို ကစားသမားတွေခြေစွမ်းပြနေတာကြောင့်အလာဗက်ကိုပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။ အကျောပေးမှုကတော့ အလာဗက်ကအိမ်ကွင်းအားသာချက်နဲ့ အပေါ်ကြေးပေးထားပေမဲ့ ခြေစွမ်းပိုင်းနဲ့အစဉ်အလာပိုင်းအရ ဘက်တစ်ကိုပဲအားပေးရမှာပါ။

**အလာဗက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| တာရက်ဆာ | ၀ | - | ၁ | အလာဗက် |
| အလာဗက် | ၀ | - | ၁ | လက်ပါးမက် |
| ဂျီရိုနာ | ၃ | - | ၀ | အလာဗက် |
| အလာဗက် | ၀ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဆိုစီဒက် | ၁ | - | ၁ | အလာဗက် |

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီလာနိုဗန်စီ | ၁ | - | ၂ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဘက်တစ် | ၂ | - | ၃ | ရိန်းဂျား |
| ဆိုစီဒက် | ၀ | - | ၀ | ဘက်တစ် |
| ဘက်တစ် | ၁ | - | ၁ | ဂျီရိုနာ |

**ဖရိုစီဝမ်းအသင်းကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲကအကြိုက်တွေ့မိတာကတော့ ဖရိုစီဝမ်းနဲ့ မွန်ဇာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖရိုစီဝမ်းအသင်းဟာ နောက်ဆုံးနှစ်ပွဲဆက်မှာ လာဇီယို၊ ဂျူဗင်တပ်တို့လိုအသင်းကြီးတွေနဲ့ပွဲကျပ်ကစားခဲ့ရလို့ရှုံးပွဲကြုံခဲ့ပေမဲ့ အိမ်ကွင်းကစားပုံကောင်းတဲ့အသင်းဖြစ်တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးအိမ်ကွင်းငါးပွဲမှာ ဂျူဗင်တပ်အသင်းကိုသာ နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့ပြီး ကျန်အသင်းတွေကိုတော့ အနိုင်ကစားခဲ့တာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲအိမ်ကွင်းကိုးပွဲကစားအပြီးမှာလဲ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးခဲ့ပြီး တိုက်စစ်ပိုင်းကသွင်းဂိုး ၁၅ ဂိုးထိရရှိခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ မွန်ဇာလိုခြေရည်တူအသင်းနဲ့ကစားရမှာဖြစ်ပြီး မွန်ဇာအသင်းကလဲ ခြေစွမ်းပိုင်းကျဆင်းလာတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာတော့ ရမှတ်အပြည့်ရယူနိုင်မှာပါ။

မွန်ဇာအသင်းဟာ ရာသီအစပိုင်းမှာ အသင်းလိုက်ကစားပုံကောင်းခဲ့ပေမဲ့ နောက်ပိုင်းမှာအဓိကကစားသမားတွေ ဒဏ်ရာမကြာခဏရရှိခဲ့တာကြောင့် အောက်တိုဘာလနောက်ပိုင်းကစားခဲ့တဲ့ပြိုင်ပွဲစုံ ၁၀ ပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အဝေးကွင်းမှာ အသင်းကြီးတွေကို အရေးနိမ့်ခဲ့ပေမဲ့ အူဒီးနီးစ်၊ လက်ချီ၊ ကက်ဂလီယာရီတို့လိုခြေရည်တူအသင်းတွေကိုတော့ အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး ရမှတ်ရှာဖွေနိုင်ခဲ့တာကိုသတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့နာပိုလီနဲ့ပွဲစဉ်မှာလဲ အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး တန်ပြန်တိုက်စစ်ကနေဖိအားပေးနိုင်ခဲ့သလို သရေတစ်မှတ်ရယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာတော့ နည်းပြပယ်လာဒီနီ အနီကတ်ပြစ်ဒဏ်ထိခဲ့တာကြောင့် အခုပွဲစဉ်ကိုကြီးကြပ်ခွင့်လွဲချော်မှာဖြစ်ပါတယ်။ လက်ရှိ သူတို့နှစ်သင်းအနေနဲ့ ကစားကွက်ပိုင်းနဲ့ စုဖွဲ့မှုပိုင်းတူညီနေပေမဲ့ ဖရိုစီဝမ်းကအိမ်ကွင်းအားသာချက်ရှိနေပါတယ်။ ဒါကြောင့် အိမ်ကွင်းရလဒ်ကောင်းကိုဆက်ထိန်းဖို့ကြိုးစားလာမဲ့ဖရိုစီဝမ်းအသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဖရိုစီဝမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | ၀ | - | ၀ | တိုရီနို |
| လက်ချီ | ၂ | - | ၁ | ဖရိုစီဝမ်း |
| နာပိုလီ | ၀ | - | ၄ | ဖရိုစီဝမ်း |
| ဖရိုစီဝမ်း | ၁ | - | ၂ | ဂျူဗင်တပ် |
| လာဇီယို | ၃ | - | ၁ | ဖရိုစီဝမ်း |

**မွန်ဇာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မွန်ဇာ | ၁ | - | ၂ | ဂျူဗင်တပ် |
| မွန်ဇာ | ၁ | - | ၀ | ဂျီနိုအာ |
| အေစီမီလန် | ၃ | - | ၀ | မွန်ဇာ |
| မွန်ဇာ | ၀ | - | ၁ | ဖီအိုရင်တီးနား |
| နာပိုလီ | ၀ | - | ၀ | မွန်ဇာ |

အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၇)ခု
နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ
ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင်
လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

# INNWA BANK LIMITED

## ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်




- စာရင်းရှင်အပ်ငွေစာရင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- ချေးငွေများထုတ်ချေးခြင်း
- ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း
- ငွေပေးအမိန့်လွှာလုပ်ငန်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- အပ်ငွေစာရင်းနစ်မျိုး ချိတ်ဆက်ပေးခြင်း

| အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော် | အင်းဝဘဏ်လီမိတက်(ရန်ကုန်) | အင်းဝဘဏ်လီမိတက်(မန္တလေး) |
|---|---|---|
| ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂ | ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂ | ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၂၀၁၊ ၂၈၄၈၄၄၁ |


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဝါးရုံကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-6 တွင် ပညာသင်ကြားနေသော မောင်အောင်အောင်ချစ် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအေးထွန်းကို ဖြစ်ပါကြောင်း။ **ဦးအေးထွန်းကို(၉/သပက(နိုင်)၀၀၇၉၄၆)**

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခ လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ စွမ်းအားပြည့် ဆောင်ရွက်ပြီး ထုတ်ကုန်များကို တိုးတက်အောင် ထုတ်လုပ်နိုင်ပါက တိုင်းပြည် ဝင်ငွေ ပိုမိုရရှိမည်ဖြစ်သည့်အပြင် နိုင်ငံခြားဝင်ငွေ လိုအပ်ချက်ကို လည်း အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဂုဏ်ပြုဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

**(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပ** စာမျက်နှာ - ၂၄

**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများပြုလုပ်** စာမျက်နှာ - ၂၆

ဗန္ဓုလသာယာယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရှမ်းလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသဘ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော် — တောင်ကြီး — မုံရွာ၊ မန္တလေး ပြင်ဦးလွင် — ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ — ပုဂံ (ညောင်ဦး) - ပခုက္ကူ — မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ — မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ခမီ — တောင်ငူ - ဖျာပုံ - ဓနုဖြူ — ဒုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု